mgyoe.com
SAMPLE BOOK



# ငါးဖမ်းသမား

ဆိုးကျော်ရှင်

၂၀၁၉ ခုနှစ်
အမျိုးသားစာပေဆုရ
<ဝတ္ထုရှည်>
စာမူ

mgyoe.com

mgyoe.com SAMPLE BOOK



# ငါးဖမ်းသမား

ဆိုးကျော်ဇွင်

ISBN 978-99971-44-48-5
K0434
9 789997 144485 >

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - မတ်လ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| ဒုတိယအကြိမ် | - ဒီဇင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)<br>အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးသရုပ်ဖော် | - ဇော်မောင် |
| တန်ဖိုး | - ၄၅၀၀ ကျပ် |

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဘုရားသခင်မရှိတဲ့ ပင်လယ်ထဲက ကျွန်တော်တို့ မကြားလိုက်တဲ့ အော်သံတွေ

(ပထမအကြိမ်ပုံနှိပ်ခြင်းမှ အမှာစာ)

( ၁ )

မွန့်ချ် ( Munch 1863 - 1944 ) ၏ 'အော်သံ' ပန်းချီကားကို မိတ်ဆွေ ကြည့်ခဲ့ဖူးပါလား။ မွန့်ချ်၏ ပန်းချီကားထဲက လှိုင်းတွန့်တွေထဲ၊ ပြူးထွက်နေသော မျက်လုံးအစုံထဲ နာနာကျင်ကျင် စူးစူးရှရှ ဟစ်အော်သံကို မိတ်ဆွေ ကြားလိုက်မိပါသလား။

ကျွန်တော်တို့ နေ့စဉ်ဘဝထဲ အော်သံတွေ ရှိနေကြသည်။ ပျော်ရွှင်မှုက လှုံ့ဆော်၍ ထွက်လာကြသော အော်သံတွေ၊ နာကျင်မှုက လှုံ့ဆော်၍ ထွက်လာကြသော အော်သံတွေ။ သည်အော်သံတွေကို ကျွန်တော်တို့ ကြားကြရသည်။ သို့သော် အလုံးစုံသော အော်သံတွေကိုတော့ မဟုတ်။ ကျွန်တော်တို့ ကြားနိုင်သော အကွာအဝေးမှ ထွက်လာကြသော အော်သံတွေကိုသာ ကြားကြရခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ ကြားနိုင်စွမ်း နယ်နိမိတ်တွေက အကန့်အသတ်ရှိသည်။ ထိုအကန့်အသတ်ကို ကျော်လွန်လျှင် မကြားနိုင်တော့။

ယခု သည်စာအုပ်ထဲမှ အရေးအသားများသည် ကျွန်တော်တို့ မကြားနိုင်ခဲ့သော 'အော်သံများ' အကြောင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

# ( ၂ )

သည်တစ်ခေါက် သင်္ဘောပြန်တက်သည့်အခါ သူနှင့် ကျွန်တော် ရင်းနှီးသွားခဲ့ကြ၏။

သူ့ကို ကျွန်တော် ရန်ကုန်လေဆိပ်တွင် စတွေ့ဖူးခြင်း ဖြစ်သည်။ သူ့အမျိုးသမီးက အသားဖြူဖြူ၊ ခပ်ပြည့်ပြည့်။ သူက အခါလည်ပင် မရှိတတ်သေးသည့် သမီးကလေးကို ချီထားသည်။ အသက်က ၂၅ နှစ်နှင့် ၃၀ ကြားခန့် ရှိမည်။ ပိန်ပိန်သွယ်သွယ်၊ အသားညိုညို၊ သူ့ပုံသဏ္ဌာန်မှာ မီးဖိုထဲ အခါခါ ထိုးထည့်ခံရပြီး ပေပေါ် တင်၍ တူဖြင့် အကြိမ်ကြိမ် ထုရိုက်ခံထားရသော သံချောင်းတစ်ချောင်းလို မာကျောနေသည်။

သင်္ဘောပေါ် ရောက်သောအခါ ကျွန်တော်တို့ နေ့စဉ်တွေ့ကြသည်။ သူ့အကြောင်း ကိုယ့်အကြောင်း၊ သူ့အတိတ် ကိုယ့်အတိတ် ပြန်ပြောဖြစ်ကြသည်။ သည်လိုနှင့် သူ့ပထမဆုံး သင်္ဘောအတွေ့အကြုံကို ကြားသိခဲ့ရသည်။ သူ့မှာ သည်အကြောင်းတွေ ပြန်ပြောရင်း အသစ်ဖြစ်သလို ပြန်ခံစားရသည်။ ပြန်ပြောနေရင်း အိပ်ပျော်နေသော ဒေါသတွေ ပြန်နိုးထလာသည်။ ကျွန်တော်က မနက်စာ စားချိန် မျက်နှာချင်းဆိုင်မိတိုင်း သူ့အတိတ်ကို မေးခွန်းတွေထုတ်သည်။ ညနေဆိုလည်း သူ့အခန်း ရောက်ရောက်သွားတတ်ပြန်သည်။

သူ့အတွေ့အကြုံတွေ နားထောင်ရတိုင်း ကျွန်တော် ထိတ်လန့် တုန်လှုပ်မိခဲ့မြဲ။ ကိုယ်တိုင် သည်လောကမှာ အသက်မွေး ကျင်လည်နေသည့်တိုင်၊ ဘယ်တုန်းကမှ တွေးမထားခဲ့ဖူးသော ဒုက္ခတရားတို့နှင့် ရင်ဆိုင်ခဲ့ရသည့်တိုင် သူ့လို အတွေ့အကြုံမျိုး မကြားဖူးခဲ့သေး။ ထို့အတွက် ကံခေသည်ဟု ပြောရမလား၊ ကံကောင်းသည်ဟု ပြောရမလား ကျွန်တော် မဝေခွဲတတ်။

အချိန် နှစ်လခန့် လွန်မြောက်ပြီးသောအခါ သူ့ဝေဒနာက ကျွန်တော့်ဝေဒနာလို ဖြစ်လာသည်။ သူ့အတိတ်က ကျွန်တော့်အတိတ်လို ဖြစ်လာသည်။ Google မှတစ်ဆင့် ငါးဖမ်းသင်္ဘောတွေအကြောင်း ရှာဖွေသည်။ Youtube မှတစ်ဆင့် ငါးဖမ်းသင်္ဘော မှတ်တမ်းရုပ်ရှင်အတိုကလေးတွေ ကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်လိုနှင့် နောက်ထပ် လအနည်းငယ် ကြာသောအခါ 'ငါးဖမ်းသမား' ကို ကျွန်တော် ရေးဖြစ်ခဲ့သည်။ ရေးပြီး သုံးပုံတစ်ပုံခန့် ရောက်သောအခါမှ အကုန်လုံးနီးပါး ပြန်ဖျက်၍ နောက်ထပ် ပုံစံတစ်မျိုး ထပ်ရေးရပြန်သည်။ ရေးပြီး တစ်လလောက် ပစ်ထားလိုက်သည်။ ပြီးတော့ ပြန်ဖတ်ရသည်။ ပြန်ဖြည့်ရသည်။ ပြန်ဖြုတ်ရသည်။ ပြန်ပြင်ရသည်။ ပြန်ဖတ်ရသည်။

သည်လိုနှင့် ······· ။

## ( ၃ )

ဤစာအုပ်သည် ကျွန်တော်၏ ဒုတိယမြောက် လုံးချင်း ဝတ္ထုရှည် ဖြစ်ပါသည်။ ဤစာအုပ်သည် အသက်အရွယ်မရွေး ဖတ်ရှုရန် သင့်တော်ပါသည်။ ဤစာအုပ်သည် ငါးဖမ်းသင်္ဘော အားလုံးရှိ သင်္ဘောသား အားလုံး အကြောင်း မဟုတ်ပါ။ ငါးဖမ်းသင်္ဘော တစ်စီးတွင် အလုပ်လုပ်ခဲ့သည့် သင်္ဘောသား အချို့အကြောင်း ဖြစ်ပါသည်။

## ( ၄ )

လွန်ခဲ့သော ၂ လခန့်က ညီငယ်တစ်ယောက်ကဲ့သို့ ရင်းချာသော ရော့ခ်တေးသံရှင်တစ်ယောက်နှင့် စာအုပ်တွေအကြောင်း ပြောဖြစ်ကြသည်။ သူက စာဖတ်နာသည်။ အနုပညာဝမ်းစာကို အမြဲတမ်း ဆာလောင်နေတတ်သည်။ သူက အခုတလော စာသိပ်မဖတ်ဖြစ်ကြောင်း ပြောသည်။ မြန်မာဝတ္ထုရှည်တွေထဲ ဖတ်လောက်စရာ အသစ်အသစ်တွေ ရှာတွေ့ရန် ခက်ခဲကြောင်း၊ ပုံသဏ္ဌာန်အဟောင်းတွေ ဖတ်ရသည်မှာ အချိန်ကြာလာသည်နှင့်အမျှ ငြီးငွေ့လာကြောင်း···။

သူ ပြောသည့် မြန်မာဝတ္ထုရှည်၊ ပုံသဏ္ဌာန်အသစ် စသည့် သူ့ထင်မြင်ချက်တွေကို ကျွန်တော် အလေးအနက် တွေးမိသည်။ သဘောတူသည့် အချက်များ ရှိသလို၊ သဘောမတူစရာ အချက်တွေလည်း ရှိ၏။ အသစ်ကို ကျွန်တော်တို့အားလုံး လိုလားကြသည်။ သို့သော် ကျွန်တော်တို့က အသစ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

သယ်ဆောင်လာနိုင်/ခဲ့လား။ ယခု ကျွန်တော့်စာအုပ်က ပုံသဏ္ဌာန် အပြောင်းကြီးလား။

သေချာသည့်အချက်မှာ ကျွန်တော် သည်စာအုပ်နှင့် ပတ်သက်၍ ရိုးသားခဲ့သည်ကို ဖြောင့်ချက်ပေးစေလိုပါသည်။ အသစ်ဖြစ်ရန် (တမင်) အားမထုတ်ခဲ့သလို အဟောင်းမှ အဟောင်းဟုလည်း (တမင်) ဖက်တွယ်မထားခဲ့ပါ။

ကျွန်တော်တို့ အချိန် ၁ နာရီနီးပါးကြာအောင် စကားပြောဖြစ်ခဲ့ကြသည်။ ကျွန်တော်တို့က တွေ့လျှင် ပြောစရာ စကားတွေ မကုန်မခန်းနိုင်အောင် ကြွယ်ဝကြသူတွေ ဖြစ်ကြသည်။

( ၅ )

လူသားတစ်ယောက်အဖြစ် ရှင်သန်ခွင့်ပေးခဲ့သော မိသားစု၊ စာရေးသူတစ်ယောက်အဖြစ် ရှင်သန်ခွင့်ပေးကြသော စာနယ်ဇင်းအသီးသီးက အယ်ဒီတာများ၊ သင်ဆရာ မြင်ဆရာ ကြားဆရာများ၊ စာဖတ်သူများ၊ ကံ ၃ ပါးဖြင့် အားပေး နွေးထွေးကြသော ရေးဖော်ရေးဖက် မိတ်ဆွေများ၊ ကုံကော်ဝတ်ရည် စာအုပ်တိုက်က (အစ်မ)မဝိုင်းနှင့်တကွ ဤစာအုပ် ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက် ဆက်စပ်သမျှ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူး အထူးတင်ရှိပါသည်။

လေးစားစွာဖြင့်
မိုးကျော်ဇင်

mgyoe.com

mgyoe.com SAMPLE BOOK

( နိဒါန်း )

## လက်ဖက်ရည်ဆိုင်ထဲက လူတစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၁ )

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဗိုလ်အောင်ကျော်လမ်း အောက်ဘလောက်၏ ပလက်ဖောင်းပေါ်ကို ရောက်သောအခါ မနက် ၁၁ နာရီခန့် ရှိပြီ။ ရန်ကုန် နေက အစွမ်းထက်သည့်အပြင် ကားအင်ဂျင်ပေါင်းများစွာဆီမှ မှုတ်ထုတ် လိုက်သော အိတ်ဇောငွေ့ အပူများကြောင့် ပိုမိုပြင်းထန်နေသည်ဟု ခံစားမိ သည်။ ဗိုလ်အောင်ကျော်လမ်း အောက်ဘလောက်က သစ်ပင်ရိပ် ပိုများသော ကြောင့် အအေးဓာတ်ကို မခံစားရသည့်တိုင်အောင် သည်းထန်သော ပူပြင်းမှုမျိုး တော့ မရှိ။

မိတ္တူဆိုင်၊ ဆေးမျိုးစုံဆိုင်နှင့် ပုဂ္ဂလိက ဘဏ်တစ်ခုကို ဖြတ်လျှောက် လာခဲ့ကြသည်။ ပလက်ဖောင်း အနားသတ်အတိုင်း ပါကင်ထိုးထားသည့် ကားတွေ ပြည့်ညပ်နေသော်လည်း ပလက်ဖောင်းပေါ် လျှောက်နေသူတွေ သိပ်မရှိ။ ညောင်ပင်အမြစ်တချို့က ပလက်ဖောင်း ကျောက်ပြားတွေအောက် ထိုးဖောက် ခုံးထနေကြသည်။ ဒုတိယကမ္ဘာစစ် လက်ကျန်ဖြစ်ပုံရသည့် ရှေးဟောင်းအဆောက်အအုံကြီး၏ ပေါ်တီကိုအောက်မှ ပလက်ဖောင်း လက်ဖက်ရည်ဆိုင်လေးထဲ ကျွန်တော်တို့ ဝင်လိုက်ကြသောအခါ ချိန်းဆိုထား သော လူက ရောက်မလာသေး။

mgyoe.com

m gyoe.co m SAMPLE BOOK


"သူ ချိန်းတာ ဒီဆိုင်ပဲကွ"

ကျွန်တော်က ကျွန်တော့်ညီကို ပြောရင်း နေရိပ်ကွယ်သည့် ခုံလွတ်တစ်ခုမှာ ဝင်ထိုင်ချလိုက်သည်။ ကျွန်တော့်ညီလည်း ဝင်ထိုင်ရင်း သူ့ကျောပိုးအိတ်ထဲမှ ဖိုင်တစ်ခုကို ထုတ်ယူကာ စားပွဲခုံပုလေးပေါ် အသင့်တင်ထားလိုက်သည်။

"ဟဲ့ကောင်လေး… ဘာငေးနေတာလဲ… သွားမေးလိုက်ဦးလေ"

ဆိုင်ရှင်ဖြစ်ပုံရသည့် အဒေါ်ကြီးက မီးသွေးမီးဖိုဘေး ပိပိပြားပြား ထိုင်နေလျက်က စားပွဲထိုးလေးကို လှမ်းအော်သည်။ ခုနစ်နှစ်၊ ရှစ်နှစ်ခန့် အရွယ် ကောင်လေးတစ်ယောက် လှစ်ခနဲ ပြေးလာပြီး သူ့ခါးမှာ ပတ်ထားသည့် တဘက်ဟောင်းကို ဖြုတ်ကာ ကျွန်တော်တို့ စားပွဲကို ကမူးရှူးထိုး အတင်းဝင်သုတ်သည်။ ကျောင်းစိမ်းဘောင်းဘီတိုလေး၏ အောက်အနားစတွေက တွန့်လိပ်လျက်။ မနက်စောစောအချိန်ကတည်းက လိမ်းထားဟန်တူသည့် သနပ်ခါးတွေသည် အလှလိမ်းထားသည်နှင့် မတူတော့ဘဲ၊ သူ့မျက်နှာပေါ် ပေကျံနေသော အစွန်းအထင်းများလိုပင် ဖြစ်နေ၏။

"ဘာသောက်မလဲ အစ်ကိုတို့ … အအေးရတယ်၊ လက်ဖက်ရည်ရတယ်၊ ကော်ဖီမစ်ရတယ်၊ လက်ဖက်သုပ်၊ မြင်းခွာရွက်သုပ်၊ ဆေးဘဲဥသုပ်"

ကောင်လေး၏ ရက်ပ်ပါတစ်ယောက်ပါးစပ်မှာ မော်တာတပ်သလို တရစပ် ရွတ်ပြသည့် မီနူးကို ပြီးဆုံးအောင် ကျွန်တော် မစောင့်နိုင်တော့။

"လက်ဖက်ရည် ပုံမှန်နှစ်ခွက်"

စားပွဲထိုးလေးက "ပုံမှန်ရှယ် တူး"ဟု အော်ဟစ်ရင်း မြင်းပေါက်စလေးတစ်ကောင်လို ပြေးထွက်သွားသည်။

လက်ဖက်ရည်ဆိုင်လေးက ခပ်ခြောက်ခြောက်မျှသာ။ အစိုးရပိုင်ပလက်ဖောင်းကို အခင်းလုပ်၍ အဆောက်အအုံကြီးတစ်ခု၏ ပေါ်တီကိုကို အမိုးလုပ်ကာ ပလတ်စတစ်ခုံပုလေးတွေ လေးလုံးစီရံထား၍ ပလတ်စတစ်ခုံစားပွဲ လေး၊ ငါးဝိုင်း ချထားသော လက်ဖက်ရည်ဆိုင်လေးသည် တစ်ချိန်ကတော့ စည်ကားခဲ့ဖူးမှာ သေချာသည်။ သင်္ဘောသားပွဲစားတွေ၊ သင်္ဘောကုမ္ပဏီ မန်နေဂျာတွေ၊ ဒေါ်လာရောင်းဝယ်သူတွေနှင့် မျှော်လင့်ချက်တွေကို အိတ်ထဲအပြည့် ထည့်လာကြသော သင်္ဘောသားတွေ၏ ချိန်းဆိုလေ့ရှိသော

mgyoe.com

 mgyoe.com SAMPLE BOOK 

ဆုံရပ်တွေထဲမှ တစ်ခု ဖြစ်ခဲ့ဖူးလိမ့်မည်။ အခုတော့ ကုန်သည်လမ်းထောင့်က SECD ဟု ခေါ်ကြသည့် သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးရုံးလည်း ဒေါပုံမြို့နယ်ထဲ ပြောင်းသွားခဲ့သည်မှာ ကြာပြီ။ တရားဝင် ငွေလဲဆိုင်တွေ အလျှိုအလျှို ပေါ်လာသည်နှင့်အမျှ ဒေါ်လာမှောင်ခိုဈေးကွက်လည်း ပျောက်သွားသလောက် ဖြစ်နေပြီ။ ရှင်းရှင်းပြောရလျှင် သည်လမ်း၊ သည်ပလက်ဖောင်းနှင့် သည်ဆိုင်လေးတွေမှာ ဇာတ်ပွဲပြန်သွားပြီးသော်လည်း မသိမ်းဆည်းရသေးသည့် ပွဲဈေးခင်းတစ်ခုနှင့်သာ ပိုတူနေသည်။ သို့သော် အချို့ပွဲစားတွေကမူ သူတို့ ဆယ်စုနှစ်ချီ၍ ခြေကုပ်ယူထားခဲ့ကြသော ခံတပ်ဟောင်းကို လုံးဝ မစွန့်လွှတ်ကြသေး။ သူတို့ အောင်မြေဟောင်းကို သံယောဇဉ် မပြတ်နိုင်၍လား၊ လူသူရှုပ်ထွေးခြင်းမှ ရှောင်တိမ်းလို၍လား။ တစ်ခုခုကြောင့်တော့ ဖြစ်နိုင်ပါသည်။

အခုလည်း ကြည့်၊ ဆိုင်ထဲ လူက ခပ်ပါးပါးမျှသာ။ ဆိုင်အတွင်းဘက်ထောင့်တစ်နေရာမှ စားပွဲမှာ ဖုန်းပွတ်နေသော လူတစ်ယောက်။ သောက်လက်စလက်ဖက်ရည်ခွက်က စားပွဲပေါ်မှာ။ ပြောင်လက်နေသော သားရေပိုက်ဆံအိတ်ရှည် ခပ်ထူထူတစ်လုံးကို လက်ကိုင်ကွင်းမှ ကိုင်ထားသည်။ အနက်ရောင်ဘေးလွယ်အိတ်က စားပွဲပေါ်မှာ။ အသားဖြူဖြူ၊ မျက်နှာကြည်ကြည်နှင့်။ လူချင်းမသိသော်လည်း ဒေါ်လာမှောင်ခိုသမားမှန်း ကျွန်တော် မှတ်မိနေသည်။ မှန်မှန်ကန်ကန် အလုပ်လုပ်သည်ဟု မိတ်ဆွေတစ်ယောက်က ညွှန်း၍ ကျွန်တော် သူ့ထံမှာ ဒေါ်လာအနည်းငယ် လာရောင်းဖူးသေးသည်။ အခြားစားပွဲမှာတော့ ဘဏ်လုံခြုံရေး ယူနီဖောင်းဝတ် လူနှစ်ယောက်။

ကျွန်တော်တို့နှင့် ကပ်လျက် စားပွဲမှာ ထိုင်နေသည်က ကျွန်တော်တို့ အရင်ရောက်နှင့်နေပုံရသည့် လူတစ်ယောက်။ သူ့ဘေးက ခွေးခြေခုံပုလေးပေါ်မှာ တင်ထားသည့် ဘေးလွယ်အိတ် အနက်ရောင်သည် တောက်ပြောင်သစ်လွင်သော အနက်ရောင် မဟုတ်တော့။ ဘေးနှုတ်ခမ်း အနားထောင့်တွေက ပေါက်ပြဲနေပြီ။ စေ့ရတော့ဟန် မတူသော ဇစ်က ပွင့်လျက်သား။ ပွင့်ဟနေသော ဇစ်နှုတ်ခမ်းသား နှစ်ခုကြားမှ ပလတ်စတစ်ဖိုင်၏ တစ်စွန်းတစ်စကို လှမ်းမြင်နေရသည်။ သူ ဝတ်စားထားပုံကလည်း သူ့လွယ်အိတ်အတိုင်း။ သူ့မျက်နှာက ပလက်ဖောင်းတစ်ဖက်ခြမ်းမှ ဗလီဘက် လှမ်းငေးနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူလည်း ကျွန်တော်တို့ကဲ့သို့ တစ်ယောက်ယောက်နှင့် ချိန်းဆိုထားသည့် သင်္ဘောသားတစ်ယောက် ဖြစ်လိမ့်မည်။ သို့သော် သည်လူ့မျက်လုံးတွေက ငါးခြံထောက်နှစ်ဖက် မတ်မတ်ရပ်တည်နိုင်သည့် ကုန်းမြေကိုတော့ တွေ့ရသေးဟန်မတူ။

စားပွဲထိုးလေးက လက်ဖက်ရည်ခွက် လာချပေးရင်း ကျွန်တော်ကြည့်မိနေသော တစ်ဖက်စားပွဲက လူကို သူပါ လှမ်းစွေကြည့်သည်။ ပြီးတော့ သူ့ခါးကို ပိုကိုင်းညွှတ်လိုက်ပြီး လေသံကို အနည်းငယ်နှိမ့်၍ ကျွန်တော် မမေးရသေးသော မေးခွန်း၏ အဖြေကို ပေးလေသည်။

"အဲ့လူက သင်္ဘောသားအရူးလေ၊ နေ့တိုင်း လာနေကျ"

"ဟင်..."

"အဘကို လာစောင့်နေတာတဲ့၊ နေ့တိုင်းလာတာ တစ်နှစ်လောက်ရှိပြီ"

ကျွန်တော် အံ့သြစွာ မော့ကြည့်လိုက်တော့ စားပွဲထိုးလေးက ပြေးထွက်သွားနှင့်ပြီ။ ကျွန်တော့်ညီက ပြုံးလိုက်ပြီး ခေါင်းယမ်းသည်။ ဘာကို ပြုံး၍ ဘာကို ခေါင်းယမ်းသည် မသိ။ ထိုလူကတော့ ကျွန်တော် သူ့ကို ကြည့်နေမိတာကိုလည်း သိပုံမပေါ်။ ကောင်လေး သူ့အကြောင်း အတွတ်ပွတ်ခင်းကျင်းသွားသည်ကိုလည်း ကြားလိုက်ပုံမရ။ ကားတွေ ပါကင်ထိုး ရပ်ထားသည့်ကြားမှ တစ်ဖက်ပလက်ဖောင်းဆီ ငေးနေဆဲ။ ပွရောင်းရောင်း ဆံပင်တွေက မွဲခြောက်ခြောက်။ အဖြူရောင် ကော်လာကတုံး ရှပ်အင်္ကျီပေါ်မှာ ဖားဥအကွက်တွေက ထင်းနေသည်။

"အစ်ကိုကြီးလူက မလာသေးဘူးလား"

"လာမှာပါကွာ၊ မပူပါနဲ့၊ သူတို့ ပိုက်ဆံရမယ့် ကိစ္စပဲဟာ"

ကျွန်တော်က ဖုန်းဆက်မည် ပြင်ပြီးမှ မဆက်ဘဲ နေလိုက်သည်။ ကိုယ့်ဘက်က အလျှင်လိုနေသည်ဟု ထင်သွားလျှင် တစ်ဖက်က ဈေးကိုင်မည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ကျွန်တော် ဆိုင်အတွင်းဘက် ဝေ့ကြည့်မိပြန်သည်။ သံဘာဂျာတံခါးကြီး နှစ်ပေါက် သော့ခတ်ထားခြင်းသည် သည်ဆိုင်လေးအတွက် အခွင့်အရေးတစ်ခုလိုပင် ဖြစ်နေသည် မဟုတ်လား။ ဆိုင်ရှင်အဒေါ်ကြီးက မီးသွေးမီးဖိုပေါ်က ကြက်ဥကြော်ကို ချွေးတလုံးလုံး

mgyoe.com SAMPLE BOOK

နှင့် ဆယ်ယူရန် ကြိုးစားနေ၏။ အဒေါ်ကြီး၏ ရင်ဘတ်လွင်ပြင်မှာ ချွေးမိတ်ဖုလေးတွေ ရဲပတောင်းခတ်လျက်။ စားပွဲထိုးကောင်လေးက ကော်ဖီမစ်ထုပ်တွေ တန်းစီချိတ်ထားသည့် စားပွဲခုံးမှာ ထိုင်နေရင်း ဆိုင်ထဲမှ လူတွေ ဖြတ်သန်းသွားတိုင်း ကော်ဖီမစ်၊ လက်ဖက်ရည် အစချိသည့် သူ့ဆိုင်မှာ ရရှိနိုင်သော မီနူးတစ်ခုလုံးကို စီတန်းအော်ရွတ်နေသည်။

ဆိုင်ထဲ ကြည့်ရင်း ဒေါ်လာသမားနှင့် မျက်လုံးချင်း သွားဆုံသည်။ တကယ်တော့ တမင်ဆုံသွားအောင် သူ့ဘက်က အားထုတ်နေခဲ့ကြောင်း ကျွန်တော် ရိပ်မိပါသည်။ မျက်လုံးချင်း ဆုံသည်နှင့် ထိုလူက အချိုသာဆုံး လှမ်းပြုံးပြ၏။

"အစိမ်းလား ညီလေး၊ ဝယ်မှာလား၊ ရောင်းမှာလား"

ကျွန်တော်လည်း ခပ်ပြုံးပြုံးနှင့်ပဲ ခေါင်းယမ်းပြလိုက်သည်။

"ချိန်းထားလို့"

"သြော်..."

ဒေါ်လာသမားက "သြော်..."ဟု သံရှည်ဆွဲပြီး မတ်ထားသော ခါးကို ပြန်ညွတ်ချလိုက်သည်။ ပြီးတော့ မေးခွန်းတစ်ခု လှမ်းမေးပြန်သည်။

"ဘယ်သူနဲ့လဲ"

"ဦးကံဝင်း"

"လာတော့မှာပါ"ဟု ပြောရင်း သူ့အတွက် မျှော်လင့်ချက် မရှိတော့သော ကျွန်တော့်ကို စကားဆက်ပြောရန် အားမထုတ်တော့ဘဲ စောစောက အတိုင်း ဖုန်းမျက်နှာပြင်ကို တို့ထိ ပွတ်နေလေသည်။

ကားတွေ ဖြတ်မောင်းသွားကြသည်။ လူတွေ ဖြတ်လျှောက်သွားကြသည်။ ကျွန်တော်က ကျွန်တော့်တို့ဘေး စားပွဲမှလူလိုပင် တစ်ဖက်ပလက်ဖောင်းဆီ ငေးနေမိသည်။ ဗလီ၏ အရှေ့အလယ်ပိုင်းဟန် အနုလက်ရာတွေက စိတ်ဝင်စားဖွယ် ကောင်းသည်။ ကုန်သည်လမ်းထောင့်မှာတော့ လက်ဝါးကပ်တိုင် တစ်စွန်းတစ်စ။ ကုန်သည်လမ်းဘက်က ခိုအုပ် ဝေါခနဲ ထပျံသွားပြီး ထိုနေရာကိုပင် ပြန်ဆင်းသွားကြပြန်၏။ ဘုရားကျောင်းရှေ့က သစ်ပင်ပေါက်စ ခြေရင်းမှာ ခိုစာရောင်းသူတစ်ယောက် ရှိနေတတ်သည်ကို သတိရလိုက်သည်။

mgyoe.com

mgyoe.com

အကြည့်ကို ဆိုင်လေးထဲ ပြန်သွင်းယူရင်း ဖုန်းက နာရီကို ဖွင့်ကြည့်လိုက်သည်။ သည်လူတွေ လာသင့်ပြီ။ ချိန်းထားသော အချိန်အတိုင်း အတိအကျ ရောက်မလာဘဲ အနည်းငယ် နောက်ကျပြလိုက်ခြင်းဖြင့် သူနှင့် အလုပ်လုပ်သူတွေ များစွာရှိနေကြောင်း ကစားကွက် ခင်းပြနေခြင်းလေလား။

ဆိုင်လေးရှိရာ ပေါ်တီကိုအောက်မှနေ၍ အပေါ်ဘက်တစ်လျှောက် စူးစိုက် မျှော်နေလိုက်သည်။

"အစ်ကိုကြီးလူက ဟုတ်ရဲ့လားဗျာ၊ အခု... ဆယ့်တစ်ခွဲတော့မယ်"

ကျွန်တော့်ညီက စိတ်သိပ်မရှည်ချင်တော့။ သင်္ဘောသားလက်မှတ် အစုံအလင်ရရှိပြီးသည့်တိုင် တစ်နှစ်နီးပါး စောင့်ဆိုင်းနေရခြင်းကို အလုပ်လက်မဲ့လို ဖြစ်နေကြောင်း သူ ပြောဖူးခဲ့သည်။ သင်္ဘောကုမ္ပဏီတကာ လှည့်လည်၍ အလုပ်လိုက်လျှောက်သည်။ သို့သော်၊ လူသစ်ဖြစ်နေခြင်း၊ အတွေ့အကြုံ မရှိခြင်း၊ လိုင်းကြေး အဆမတန်များခြင်းတို့ကြောင့် ကြန့်ကြာနေခဲ့သည်။ နောက်တော့ သူငယ်ချင်းတစ်ယောက်က လူတစ်ယောက်၏ အမည်နှင့် ဖုန်းနံပါတ်တစ်ခု ပေးသည်။ သည်လိုနှင့် သည်နေရာကို ကျွန်တော်တို့ ရောက်လာခဲ့ခြင်းပင်။

ကုန်သည်လမ်းဘက်မှ ချိုးဝင်လာသော လူတွေထဲ ဦးခေါင်းတစ်လုံးကို ကျွန်တော် သတိထားမိလိုက်သည်။ တခြားသူတွေထက် ပိုမြင့်နေသော ဦးခေါင်းတစ်လုံး။ ဂေါ်လီလုံးကြီးတွေ ထည့်မြှုပ်ထားသည့်အလား မို့ဖောင်းနေသည့် မျက်လုံးကြီးတွေကိုပင် လှမ်းမြင်နေရသည်။ သေချာကြည့်သော အခါ သူတစ်ယောက်တည်း မဟုတ်၊ လူငယ်တစ်ယောက်နှင့် စကားပြောရင်း လျှောက်လာခြင်း ဖြစ်သည်။

"ဟိုမှာ... လာပါပြီကွ"

ကျွန်တော့်ညီကလည်း လှမ်းကြည့်သည်။

"ဟို လူကောင်ထွားထွားနဲ့ ဘဲကြီးလား"

"အေး"

မကြာမီ ပေါ်တီကိုအမိုးအောက် ဝင်လာပြီး ကျွန်တော်တို့စားပွဲဆီ လာထိုင်သည်။ နှစ်ခုံထပ်လိုက်ရသော ပလက်စတစ်ခုံပုကလေး ဖျစ်ဖျစ် မြည်သွားသလို သူ့ထံကလည်း အီးအီးအစ်အစ် မြည်သံတွေ ထွက်လာသည်။

mgyoe.com

mgyoe.com

သူ့လက်ထဲက ကိုရီးယား သရုပ်ဆောင်ပုံတွေ ရိုက်နှိပ်ထားသည့် အဝါရောင် ပလတ်စတစ် လက်ဆွဲအိတ်ကို စားပွဲပေါ်တင်သည်။

"ကောင်လေး… ရေတစ်ခွက် အရင်ပေးစမ်းကွာ"

ဦးကံဝင်းက သူ့အိမ် ပြန်ရောက်၍ အိမ်သားတစ်ယောက်ယောက်ကို ခိုင်းလိုက်သည့်အလား အသံအောအောကြီးနှင့် လှမ်းအော်လိုက်သည်။ ပြီးတော့ မည်သည့်အတွက်ဟု ကျွန်တော် မသိနိုင်သော စာရွက်စာတမ်းတချို့ကို အိတ်ထဲက ထုတ်ပြီး ဖြန့်ကြည့်သည်။ ပြီးတော့ ပြန်စီပြီး ပြန်ထည့်သည်။ သူ့လက်ချောင်း တုတ်တုတ်ကြီးပေါ်က ခတ်လုံးလက်စွပ်ကြီးမှာ သူ့လက် လှုပ်ရှားလိုက်တိုင်း တလက်လက်။ သူ့ဘေးမှာ ဝင်ထိုင်လိုက်သည့် လူငယ်၏ မျက်လုံးတွေက ကျီးကန်းတစ်ကောင်လို လှုပ်ရှားနေကြသည်။

"ဆောရီး ငါ့ညီရာ၊ ရောက်နေတာ ကြာပြီလား၊ ဟိုမှာကွာ နက်ဖြန် ထွက်မယ့် ကောင်လေးတွေကိစ္စ အပြီးသတ်ပေးနေလို့"

ဦးကံဝင်း အသံက ခပ်အောအော။

"ဟုတ်တယ်ဗျာ၊ မနက်ကတည်းက ဟိုပြေး ဒီပြေးနဲ့၊ ကိစ္စတွေက မပြတ်ဘူး၊ တကယ့် အာရုံပဲ"

သူ့တပည့်က အသံပြာပြာနှင့် ခပ်မြန်မြန် ဝင်ပြောသည်။

ဦးကံဝင်းသည် ပွဲစားတစ်ယောက်နှင့်မတူဘဲ အနားယူထားသည့် လက်ဝှေ့သမားဟောင်းကြီးနှင့်သာ ပိုတူနေသည်။

"ကဲ… ညီလေးတို့ကိစ္စ ပြောပါဦး၊ အခု လိုက်မှာက"

"သူပါ ကျွန်တော့်ညီလေ"

"ဘယ်နှတုံး ရှိပြီလဲ၊ ပြပါဦး မင်း စီဒီစီ"

"လူသစ်လေ အစ်ကိုကြီး၊ ကျွန်တော့်သူငယ်ချင်းကတော့ အစ်ကိုကြီး ဆီ ဖုန်းကြို ဆက်ထားပေးမယ်ပြောတယ်၊ ဆက်ပြီးပြီလား"

ဦးကံဝင်းက ကျွန်တော့်ညီ ထုတ်ပေးသော စီဒီစီကို ယူကြည့်သည်။

"ဆက်တယ် ဆက်တယ်၊ ဒီကောင့်တုန်းကလည်း ငါပဲ လုပ်ပေး လိုက်တာ"

"အိုကေပါ၊ ပြဿနာ သိပ်မရှိပါဘူး၊ ငါ့ညီ စီဒီစီ ၊ ပက်စ်ပို့ လက်မှတ် ဘာညာပေါ့ကွာ၊ အဲ့ဒါတွေ မိတ္တူတစ်စုံ ပေးထား၊ ပြီးတော့ ဖုန်းနံပါတ်"

mgyoe.com

 mgyoe.com SAMPLE BOOK 

ဦးကံဝင်းသည် ပလတ်စတစ် လက်ဆွဲအိတ်ထဲမှ မှတ်စုစာအုပ်လေးကို ထုတ်၍ ကျွန်တော့်ညီ ပေးလိုက်သော မိတ္တူတွေကို ကြည့်ကာ စီဒီစီနံပါတ်၊ ပက်စ်ပို့နံပါတ်နှင့် ဖုန်းနံပါတ်ကို ရေးမှတ်လိုက်သည်။ အလုပ်လက်ခံကြောင်း တရားဝင် မှတ်ပုံတင်လိုက်သည့် သဘော။

ရေးမှတ်နေရင်း တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ဦးကံဝင်း ခေါင်းဆတ်ခနဲ မော့လာသည်။

"ကဲ… ငါမေ့နေတာ၊ ဖစ်ရှင်းဘုတ်တစ်စီး ရှိတယ်၊ စိတ်ဝင်စားလား"

ကျွန်တော် တွေဝေသွားသည်။ ငါးဖမ်းသင်္ဘောသားဘဝက ပိုမိုကြမ်းတမ်းသည်။ ကျွန်တော့်ညီမျက်နှာကို ကြည့်လိုက်တော့ သူ့မျက်လုံးတွေက အရောင်တဖျပ်ဖျပ် တောက်ပနေကြပြီ။ စောင့်ဆိုင်းခြင်းမှာ သူစိတ်မရှည်နိုင်တော့သည်ကို ကျွန်တော် သိထားပြီးဖြစ်၏။ သည်အခြေအနေကို ကျွန်တော်မြင်သည်ထက် ဦးကံဝင်းက ပိုမြင်နိုင်ပုံရသည်။

"တချို့က ငါးဖမ်းသင်္ဘောဆိုရင် နည်းနည်းရွံ့ချင်ကြတယ်၊ အထင်မသေးနဲ့ဗျ၊ တချို့ဆို ငါးဖမ်းသင်္ဘောပဲ စွဲလိုက်နေတဲ့ ဘဲတွေတောင် ရှိတယ်၊ လစာတစ်မျိုးတည်း မဟုတ်ဘူးလေ၊ ငါးပစ်ကြေးက တစ်လတစ်လ သပိတ်ဝင် အိတ်ဝင်ဟ"

ဝမ်းခေါင်းထဲက ထွက်လာသော ဦးကံဝင်း အသံအောအောကြီးက ကျွန်တော်တို့ကို ဖမ်းစားထားလေပြီ။ ညီဖြစ်သူက သွားအနည်းငယ်စေ့လျက် ကျွန်တော့်ကို ခပ်တိုးတိုး ပြောသည်။ "ဇော်လင်းဦးတို့လည်း ငါးဖမ်း သင်္ဘောပဲလေ" တဲ့။ သည်အခင်းအကျင်းအရ သူ နိုင်တော့မည်ဖြစ်ကြောင်း ကြိုတင်တွက်ဆမိပုံရသည့် ဦးကံဝင်းသည် လေသံကို အနည်းငယ်လျှော့၍ ကျွန်တော်တို့ဘက်ဆီ ခေါင်းကိုနှိမ့်ကာ နောက်တစ်ဆင့်ကို ထပ်တက်လိုက်ပြန်၏။

"ငါ့ညီတို့ စိတ်ဝင်စားရင် အရှက်နှစ်ဆယ်နဲ့ ပြတ်အောင် လုပ်ပေးမယ်"

"လုပ်မယ်ဗျာ"

mgyoe.com

mgyoe.com
SAMPLE BOOK


သည်တစ်ခါတော့ ကျွန်တော့်ညီသည် ကျွန်တော့်သဘောထားကိုပင် မစောင့်ခံတော့ဘဲ ဦးကံဝင်း ခင်းထားသည့် ခွင်တစ်ခုထဲ ခုန်ဝင်သွားတော့သည်။ ဦးကံဝင်းက ဘာမျှ မထူးခြားသလိုမျိုး ဟန်ဆောင်လိုက်သော်လည်း သူ့ ဖန်ဂေါ်လီမျက်လုံးကြီးတွေ လက်ခနဲ ဖြစ်သွားသည်ကိုတော့ မဖုံးကွယ်နိုင်။ သည်အချိန်မှာပင် ကျွန်တော်တို့ နောက်ဘက်မှ အသံတစ်သံ ထွက်ပေါ်လာလေသည်။

"မလိုက်နဲ့"

ဟင်…။

ကျွန်တော်တို့အားလုံး အသံလာရာဆီ ပြိုင်တူကြည့်မိလိုက်ကြသည်။ သူ …။ စောစောက စားပွဲထိုးလေး ပြောသွားသည့် တစ်စုံတစ်ယောက်ကို နေ့တိုင်း လာစောင့်နေသည် ဆိုသော သူ။ သင်္ဘောသား အရူးဟု စွပ်စွဲခံရသော သူ။ သူ့မျက်လုံးတွေက တည်ငြိမ်နေသည်ထက် သေချာစွဲမြဲစွာ စိုက်ကြည့်နေပုံမျိုး။ ဦးကံဝင်း မျက်နှာပေါ်က အဖုဖုအထစ်ထစ် ဖြစ်အောင် အစ်ထွက်နေသည့် အဆီအသားခဲတွေက တင်းမာပြောင်ရှင်းလာသည်ကို ကျွန်တော် သတိထားမိသည်။

"ဖစ်ရှင်းဘုတ်ဆို မလိုက်ပါနဲ့"

သူ့အသံက ထပ်ထွက်လာပြန်သည်။ သူပြောလိုက်သည်က အနိမ့်အမြင့်မရှိသော ခပ်တိုးတိုးလေးသံ ဖြစ်သော်လည်း ဦးကံဝင်းက နွေခေါင်ခေါင် မိုးကြိုးပစ်သံ ကြားလိုက်ရသလို တုန်ခနဲ။ ခွေးခြေခုံပုလေးပေါ်က ထရပ်ရန် ကြိုးစားလိုက်သည်။ ပြီးတော့ ပြန်ထသည်။ သူ့နောက်လိုက် တပည့်က ဖြုန်းခနဲ ထရပ်လိုက်သည်ကို လက်တစ်ဖက်က လှမ်းဆွဲလိုက်သေး၏။ ကျွန်တော်တို့ မျက်နှာတွေဆီ မသိမသာ ဝေ့ကြည့်…။

"ဟော့ကောင်… သောက်ရူး သွား သွား၊ မင်းနေရာမင်း ပြန်ထိုင်နေ"

ဦးကံဝင်းက ဒေါသကို အတတ်နိုင်ဆုံး ဖုံးကွယ်ပြီး ထိန်းချုပ်ထားရသော အသံဖြင့် သူ့ကို လှမ်းပြောသည်။ ဒေါ်လာမှောင်ခိုဆရာနှင့် ဆိုင်ရှင်အဒေါ်ကြီး အပါအဝင် ဘဏ်လုံခြုံရေးဝန်ထမ်း ယူနီဖောင်းများကပါ လှမ်းအကဲခတ်နေကြသည်။ သို့သော် သူက မူလနေရာမှာ ရပ်မြဲရပ်လျက်။ မူလမျက်နှာထားနှင့်။ ပြီးတော့ အပြောင်းအလဲ မရှိသော လေသံဖြင့်။

mgyoe.com

"ငါးဖမ်းသဘော်ဆို မလိုက်ပါနဲ့"

"ဟာ… ဒီသောက်ရူး"

ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်အောင် ဖြုန်းခနဲ ဦးကံဝင်း ထရပ်လိုက်သည်နှင့် ဦးကံဝင်း လက်သီးက သူ့မျက်နှာပေါ် ခွပ်ခနဲ။ သူ နောက်ကိုယိုင်သွားပြီး လက်လှမ်းအထောက် ပလတ်စတစ်စားပွဲပေါ် ထောက်မိ၍ စားပွဲက စောင်းသွားကာ ရေနွေးခတ်ဘူးက ဝုန်းခနဲ အောက်ပြုတ်ကျသွားသည်။ ကျွန်တော် သတိဝင်လာသည်နှင့် ဦးကံဝင်းရှေ့က ပိတ်ရပ်ထားလိုက်သလို ဒေါ်လာသမားလည်း ဦးကံဝင်းနား ပြေးလာသည်။

"ဘိုကံ… ဘိုကံ… ထားလိုက်ပါဗျာ… သူ့အကြောင်း ခင်ဗျားလည်း သိသားနဲ့ "

"သိလို့ ဒီလောက်နဲ့ ရပ်လိုက်တာကွ… ကွာ၊ ဟော့ကောင်… သွား၊ မင်းကို ဒီနားမှာ ထပ်မမြင်ချင်ဘူး၊ သွား…၊ အခု သွား …"

ဒေါ်လာသမားက မတ်မတ်ပြန်ရပ်ရန် ကြိုးစားနေသော သူ့ကို သွားထိန်းပေးလိုက်သည်။ ရှန်းရင်းဆန်ခတ်ဖြစ်စဉ် ခုံပေါ်မှ ပြုတ်ကျနေသော သူ့လွယ်အိတ်ကို ပြန်ကောက်ပေးနေသည်။ သူက တဖြည်းဖြည်း "ဝါ" လာရာမှ "အညို"ဘက် ပြောင်းလာနေသော သူ့ဘယ်ဘက်မျက်ခုံးတစ်ဝိုက်ကို လက်နှင့် တို့ကာ တို့ကာ ထိရင်း လက်ဖက်ရည်ဆိုင်က ထသည်။ ပြီးတော့ ကုန်သည်လမ်းဘက်ဆီ တရွေ့ရွေ့ထွက်သွားသည်။ ထွက်သွားရင်း ကျွန်တော်တို့ ရှေ့ကအဖြတ်၊ ကျွန်တော်တို့ ညီအစ်ကိုကို အနီးကပ် စေ့စေ့ကြည့်သည်။ ပြီးတော့…။

"ငါးဖမ်းသဘော် မလိုက်နဲ့"

"ဒီစောက်ရူး… သေချင်လို့"

ဦးကံဝင်းက နောက်တစ်ဖန် ဝုန်းခနဲ ပြန်ရန်းထွက်သည်။

ကျွန်တော် ဦးကံဝင်းရှေ့က ပိတ်ရပ်ပစ်လိုက်၏။

"အစ်ကိုကြီး… စိတ်ထိန်းပါဗျာ၊ သူ အခုလို ဝင်ပြောရုံနဲ့ ပွဲမပျက်ပါဘူး၊ ဟုတ်လား၊ အစ်ကိုကြီးဘက်က အဆင်ပြေပြီဆိုရင်သာ ဖုန်းဆက်လိုက် ဟုတ်ပြီလား၊ သူ့ကို ထားလိုက်ပါဗျာ"

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၂ )

ဗိုလ်အောင်ကျော်လမ်းမှ ထွက်ခွာလာပြီးသည့်တိုင် စောစောက ဖြစ်ပျက်သွားမှုကို ကျွန်တော် မမေ့။ သည်လူ ရူးနေသလား။ သည်စွပ်စွဲချက်ကို အတည်ပြုရလောက်သည့် အခြေအနေ လက္ခဏာလည်း သူ့မှာ များများစားစား မတွေ့ရ။ သို့သော် ငြင်းဆန်ရန်လည်း အခက်။ ပြီးတော့ ငါးဖမ်းသင်္ဘောနှင့် သူ့ကြားမှာ ဘယ်လိုဆက်စပ်မှုတွေ ရှိနေသလဲ။ ဦးကံဝင်းတို့၏ အပြုအမူတွေကို ပြန်သတိရချိန်မှာတော့ အော်ဂလီဆန်လာမိသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ၃၈ လမ်းက 'ရွှေ'မှာ ထမင်းစားပြီး ဘူတာကြီးဘက် ထွက်လာခဲ့ကြသည်။ မြို့ပတ်ရထားလက်မှတ်နှစ်စောင်ဝယ်ပြီး စင်္ကြံနံငါးကို ဆင်းလာခဲ့ကြ၏။ တိုးကြောင်ကလေးဘက်ထွက်မည့် ရထားက စက်နှိုးထားနှင့်လေပြီ။ ရထားတွဲများအားလုံး ဘီယာကြော်ငြာများနှင့် စိမ်းစိမ်းစိုလျက်။

နွေနေ့ခင်း တစ်ခု၏ မြို့ပတ်ရထားတစ်စီးသည် အနည်းငယ်ခြောက်ကပ်နေသည်ဟု ပြောရလိမ့်မည်။ ရထားတွဲ ဘေးနံရံတွေအတိုင်း အရှည်လိုက် တန်းထားသော ထိုင်ခုံတွေမှာ ကွက်လပ်တွေ များလွန်းလှသည်။ ရထားတွဲအလယ်မှာ ချထားသည့် ပူဖောင်းဆိုင်းထမ်းကြိုးနှင့် ရေခဲထုပ်သည်၊ သစ်သီးသည်တို့၏ ဈေးအော်ရောင်းသံတွေသာ မရှိလျှင် ကျွန်တော်တို့ထိုင်နေသော တွဲသည် ပိုမိုခြောက်ကပ်သွားပေမည်။

ရထားတွဲက ပူလောင်အိုက်စပ်လွန်းလှသည်။ နွေနေရောင်က ပြတင်းပေါက်မှတစ်ဆင့် တွဲထဲ ဝင်ရောက်နေသည်။ ရထားတွဲ မျက်နှာကြက်ပေါ် တပ်ဆင်ထားသည့် ပန်ကာများကလည်း သေဆုံးလျက်။

mgyoe.com

မကြာခင်မှာပင် ရထားစထွက်လေပြီ။

"အစ်ကိုကြီး"

ကျွန်တော့်ညီက အနားကပ်ပြီး ခေါ်သည်။

"ဘာလဲ"

"ဟိုမှာ ကျွန်တော်တို့မိတ်ဆွေ အသစ်စက်စက်ကြီး"

ကျွန်တော့်ညီ ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ရထားတွဲ တစ်ဖက်ထိပ်၊ လူ အရှင်းဆုံးနေရာမှာ ထိုင်နေသော လူတစ်ယောက်။ အင်္ကျီ အဖြူရောင်ပေါ်က ဖားဥကွက်တွေကို အဝေးကပင် လှမ်းမြင်နေရသည်။ ဘေးလွယ်အိတ် အနက်ရောင်လွင့်လွင့်သည် ဖစ်ပြုတ် ဟလျက်။ မျက်ခုံးတစ်ဖက်မှာ အနည်းငယ် ညိုလျက် မို့နေသည်ကို မျက်နှာတစ်ခြမ်း အနေအထားမှပင် တွေ့နေရ၏။

"မင်း... ဒီမှာနေဦး"

ကျွန်တော့်ညီကို လှည့်ပြောရင်း ကျွန်တော် သူ့ဆီ လျှောက်သွားသည်။ သူ့အနား ကျွန်တော် မတ်တတ်ရပ်နေမိသည့်တိုင် သူ သတိမထားမိသေး။ ကိုယ်လုံးတစ်ခြမ်းစောင်း အနေအထားနှင့် ရထားပြတင်းအပြင်ကို ငေးလျက်သား။ ရထားတွဲက တငြိမ့်ငြိမ့် လှုပ်ယမ်း ရွေ့လျား။

"အစ်ကို... ခဏထိုင်မယ်နော်"

ကျွန်တော် အသံပေးလိုက်သည်။ သူ မကြား။ ကျွန်တော် သူ့ဘေးက ခုံမှာပင် ဝင်ထိုင်ချလိုက်၏။ သည်အခါမှ သူ ဘေးကို လှည့်ကြည့်သည်။ ညိုမည်းလာနေသော သူ မျက်ခုံးတစ်ဖက်က မြင့်တက်သွားသည်။ ကျွန်တော် ဟက်ခနဲ ပြန်ပြုံးပြလိုက်သည်။

"ခင်ဗျားညီကို ငါးဖမ်းသဘော် မလိုက်စေနဲ့"

ကျွန်တော့်ကို ပြန်တွေ့တွေ့ချင်း သူ သည်စကားကိုပင် ထပ်ပြောပြန်ပြီ။

"အစ်ကို့မှာ ဘာအတွေ့အကြုံတွေ ရှိခဲ့လဲတော့ ကျွန်တော် မသိဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကိုယ့်အတွေ့အကြုံပေါ် မူတည်ထားတဲ့ တချို့အယူအဆတွေက အမြဲတမ်း မှန်နေတာမှ မဟုတ်တာ၊ တချို့လူတွေအတွက် အဆင်မပြေပေမယ့် တချို့လူတွေအတွက် အဆင်ပြေနေတာမျိုးလည်း ရှိနေကြတာပဲလေ"

သူ ကျွန်တော့်ကို ဘာမှ ထပ်မပြောတော့ဘဲ ပြန်ကြည့်နေသည်။

mgyoe.com

mgyobe.com

သူ့မျက်လုံးတွေက တကယ့်အသေလို။ သူ့ဆီက အနံ့အသက်တစ်ခုခု ထွက်လာနေသလိုလို။ ရထားသံလမ်းဘေး အမှိုက်ပုံတွေဆီမှ လွင့်တက်လာသော အနံ့တွေလည်း ဖြစ်နိုင်သည်။ ညှိမည်းနေသော မျက်ကွင်းမို့မို့ကြီးနှင့် အနီးကပ်စိုက်ကြည့်ခံနေရသော အခြေအနေကတော့ နည်းနည်း ချောက်ချားစရာ ကောင်းသည်။

"အစ်ကိုက ငါးဖမ်းသဘော် လိုက်ဖူးလို့လား"

သည်တစ်ကြိမ် ဟက်ခနဲ ရယ်လိုက်သူက သူ။ ပြီးတော့ သူ့ ညာဘက်လက်ကို ၉၀ ဒီဂရီခန့် ကွေး၍ ကျွန်တော့်မျက်လုံးတွေနှင့် နီးကပ်အောင် ပင့်မြှောက်လိုက်သည်။ တံတောင်ဆစ်နားမှာ အဖြူရောင် အမာရွတ်တစ်ခု ဖွေးခနဲ ပေါ်လာ၏။ အမာရွတ်တစ်ခုဟု ဆိုသော်လည်း တကယ်တော့ တစ်ဆက်တည်း မဟုတ်။ အမာရွတ်တစ်ခုနှင့် တစ်ခုကြားမှာ လက်မဝက်ခန့် ကွာလျက်။ သို့သော် ကြည့်ရုံဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ ရသည့် အမာရွတ်မှန်း သိသာနေသည်။

"ဒါ... ငါးမျှားချိတ် ထိထားတာပဲ၊ တစ်နည်းအားဖြင့် ကျွန်တော့် အတွေ့အကြုံနဲ့ ပတ်သက်တဲ့ သက်သေတစ်ခုပေါ့ဗျာ"

ရထားခုတ်သံကြားမှ သူ့အသံသည် ကျွန်တော့်ကို မျက်လုံးပြူးသွားစေ၏။ ကျွန်တော် မသိမသာ ပြုံးမိသွားသည်။ သံသယဖြစ်ဖွယ် သူ့စိတ်အထားအသိုကိုလည်း သတိရလိုက်မိချိန်။

"ဒီလောက်ကြီးတဲ့ ငါးမျှားချိတ် ရှိလို့လားဗျ"

သူက ကျွန်တော့်ကို သနားစရာ သတ္တဝါတစ်ကောင်လို အပေါ်စီးမှ လှောင်ကြည့် ကြည့်သည်။ ပြီးမှ ပိုင်နိုင်သေချာသော လေယူလေသိမ်းဖြင့် ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"လူတစ်ရပ်လောက်ရှိတဲ့ တူနာငါးတွေကို ဖမ်းမယ်ဆိုရင်တော့ ဒီလောက်ကြီးတဲ့ ငါးမျှားချိတ်မျိုးနဲ့မှ ရမှာပဲလေ"

ကျွန်တော် ပါးစပ်အဟောင်းသားနှင့် ငေးမိသွားကြောင်း ဝန်ခံရပေမည်။ ကျွန်တော့်ကို ကြည့်၍ သူ တစ်ချက် ပြုံးပြသည်။ သူ့အပြုံးထဲမှာ စကားလုံးတွေ ပါဝင်နေသည်ကို ကျွန်တော့်မျက်လုံးများကလည်း ကြားလိုက်ရသည်။

"ခင်ဗျားစိတ်ထဲ... ဘာဖြစ်သွားလဲ ဆိုတာ ကျွန်တော် သိပါတယ်၊ ခင်ဗျား ကျွန်တော် ဘာဖြစ်ခဲ့တယ်ဆိုတာ သိချင်နေတယ် မဟုတ်လား၊

mgyobe.com

 SAMPLE BOOK 

ပြီးတော့ ကျွန်တော် ဘာဖြစ်ခဲ့တယ် ဆိုတာကို ပြောပြလိုက်ရင်လည်း မယုံကြည်မိဖို့ ကြိုတွေးထားတယ်မဟုတ်လား၊ အခု ကျွန်တော် ခန့်မှန်းတာတွေ မှန်ခဲ့မယ်ဆိုရင်တော့ အဲ့ဒါ ခင်ဗျားအပြစ်လည်း မဟုတ်ပါဘူး၊ ကျွန်တော် ပြောပြတာကို မယုံကြည်ချင်ဘူး ဆိုရင်လည်း ခင်ဗျားက ပထမဆုံး မဟုတ်ဘူး"

ကျွန်တော်က သူ့ကို ခပ်ပြုံးပြုံး ကြည့်နေလိုက်သည်။ သည်အချိန်မှာ ကျွန်တော် လုပ်နိုင်သည်ကလည်း သည်မျှသာဖြစ်သည်လေ။ သူက သူ့ ဒိုင်ယာရီထဲက စာရွက်ဟောင်း တစ်ရွက်ကို ဖျတ်ခနဲ ဖွင့်လှန်လိုက်သလို စကားတစ်ခွန်းကို စပြောသည်။ လေသံက ခပ်အက်အက်နှင့် ခြောက်ခြောက် သွေ့သွေ့။

"၂၀၀၅ မှာ ကျွန်တော် ဘွဲ့ရခဲ့တယ်..."

❖

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ( ၁ )

# ပင်လယ်သို့ သွားရာလမ်း

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၁ )

၂၀၀၅ ခုနှစ်မှာ ကျွန်တော် ဘွဲ့ရတယ်။ အဝေးသင်တက်ပြီး ရခဲ့တဲ့ ရိုးရိုးဝိဇ္ဇာဘွဲ့လေးပါ။ ဆိုလိုတာက ကျွန်တော်တို့ အိမ်နံရံမှာ ဘွဲ့ဓာတ်ပုံတစ်ခု တိုးလာတယ်။ ဒီလောက်ပါပဲ။ ဒီ့ထက် မပိုပါဘူး။ တစ်ခုတော့ ရှိတာပေါ့။ အဖေဖွင့်ထားတဲ့ အိမ်ကဆိုင်လေးမှာ စားပွဲထိုးတစ်ယောက် တိုးလာတယ်လို့တော့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ နေတာကတော့ သဃ်န်းကျွန်းထဲမှာ။ မြေညီထပ်၊ တိုက်ခန်းကျဉ်းကျဉ်းလေး။ မိုးရွာပြီဆို ရေမြောင်းထဲက ရေတွေက အိမ်ထဲ ဝင်လာနေကျပဲ။ အဲဒီအချိန်ဆိုရင်တော့ ဆိုင်ကိုလာတဲ့ ဖောက်သည်တွေလည်း ခြေထောက်တွေ ခုံပေါ် တင်ထားကြရတာ။

၂၀၀၆ ခုနှစ်မှာ သင်္ဘောက ပြန်ဆင်းလာတဲ့ သူငယ်ချင်းတစ်ယောက် အိမ်ရောက်လာတယ်။ ဒီကောင့်ဆံပင်တွေဟာ ရှည်လျားလို့။ ဒီကောင့် အိတ်ကပ်ဟာ ဖောင်းလို့။ ဒီကောင်ဟာ ကိုလံဘတ်စ်လို အမေရိကတိုက်ကို ရှာမတွေ့ခဲ့ပေမယ့် သူ့ခြေတစ်စုံစာ မတ်မတ်ရပ်တည်ဖို့ ကုန်းမြေတစ်ခုကိုတော့ ရှာတွေ့ခဲ့တယ်ဆိုတာ သေချာပါတယ်။

ဒီကောင်က ကျွန်တော်တို့ သူငယ်ချင်းတွေ အကုန်ခေါ်ပြီး ကေတီဗွီ လိုက်ပို့တယ်။ ပျော်ရွှင်မှုတွေ အားလုံးအတွက် သူပဲ ဒကာခံတယ်။ တခြား

mgyoe.com

m gyoe.co m

ကောင်တွေတော့ မသိဘူး၊ ကျွန်တော့်မှာတော့ သူ ကျွေးမွေးပြုစုတာကိုလည်း ခံစားသာယာနေတာက တစ်ဖက်၊ သူ့ကို မနာလိုစိတ် ဝင်နေတာကတစ်ဖက် ဖြစ်နေတယ်။ ဒီကောင် အရင်နဲ့မတူဘဲ ဆောင့်ကြွားကြွား ဖြစ်နေတယ်လို့ လည်း မြင်နေတယ်။ ဒီကောင် ရယ်မောလိုက်ရင်တောင် နားထဲ အတောင့်လိုက် ကန့်လန့်ကြီး ဝင်လာတာ။

တကယ်တော့ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စိတ်ဝင်နေ တာ။ ကျွန်တော့်မှာက သူ့လို ဝင်ငွေကောင်းတဲ့အလုပ် မရှိသေးဘူး။ သူငယ်ချင်း တွေ ပျော်ရွှင်ဖို့ဆိုပြီး ခုလို လုပ်ပေးနိုင်ဖို့ နေနေသာသာ၊ ကိုယ်တိုင်တောင် မပျော်ရွှင်နိုင်တဲ့ ကောင်လေ။ ဒါပေမဲ့ ဒီအခြေအနေကို ကိုယ့်ဘာသာ ဝန်မခံချင် ဘူး။ ဒီတော့ ဒီကောင့်အပေါ် မနာလိုစိတ် ဝင်လာရတာပဲလို့ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ထင်မိတယ်။ သူ့ကို အားကျမိသလို သူ့လိုလည်း ဖြစ်ချင်လာ တယ်။

ဒီကောင်က သင်္ဘောပေါ်က အကြောင်းတွေ ပြန်ပြန်ပြောနေတာပဲ။ သင်္ဘောပေါ်မှာ အလုပ်လုပ်ခဲ့ပုံတွေ၊ နိုင်ငံခြားသားတွေကြားထဲ သူ ဘယ်လို 'စွာ'ခဲ့တာတွေ၊ နိုင်ငံခြား ဆိပ်ကမ်းမြို့တွေမှာ ကမ်းဆင်းပြီး လည်ပတ်ကြတဲ့ အခါ သူ ဘယ်လို'စွံ'ခဲ့တာတွေ၊ သူ စီးထားတဲ့ ဖိနပ်တန်ဖိုးတွေ။ ကျွန်တော့်မှာ ကိုယ်မရယူနိုင်တဲ့၊ ကိုယ်နဲ့မဆိုင်တဲ့ စပျစ်သီးတွေကို လှမ်းမြင်နေရ သလိုပါပဲ။ ရင်ထဲမှာတော့ တငွေ့ငွေ့ စွဲလောင်စပြုနေပြီ။

အဲဒီအချိန်ကစပြီး ကိုယ့်ကိုယ်ကိုယ် မကြာခဏ မေးခွန်းတွေ ပြန်ထုတ် တော့တာပဲ။ မင်း ဒီအသက် ဒီအရွယ်အထိ ဘာတွေ အောင်မြင်ပြီးပြီလဲ။ ဘာတွေ ဖြစ်နေပြီလဲ။ မင်း ဘာတွေ ရယူပြီး၊ ဘာတွေ ဆုံးရှုံးပြီးပြီလဲ။ ကိုယ့်ဘာသာ မေးခွန်းတွေ အထပ်မေးနေမိပေမယ့် ပြန်မဖြေနိုင်ဘူး။ ပြန်မဖြေ နိုင်ဘူး ဆိုတာထက် အဖြေမှန်ကို ပြန်ရင်မဆိုင်ရဲတာလို့ဆိုရင် ပိုမှန်လိမ့်မယ်။

တစ်ညသား ဆိုင်သိမ်းချိန်ရောက်တော့ အဖေ့ကို စကားစကြည့် တယ်။

"ဘာလုပ်မှာလဲ၊ ငါသိသလောက်ကတော့ သင်္ဘောလိုက်တယ်ဆိုတာ အရင်းအနှီးရှာဖွေတာမျိုးလောက်ပဲ၊ စီးပွားရေးအလုပ်တော့ မဟုတ်ဘူး ငါ့သား၊ မင်းမှာ ဒီဆိုင်ရှိပြီးနေမှပဲ"

mgyoe.com

mgyoe.com


ညဦးသန်းခေါင် ဆိုင်တံခါးပိတ်ရင်း အဖေက ပြောနေတာပါ။ ကျွန်တော် ဆိုင်ထဲကို ဝေ့ကြည့်မိတယ်။ တကယ်တော့ ဆိုင်စစ်စစ်တော့ မဟုတ်ပါဘူး။ တိုက်ခန်း မြေညီထပ်လေးရဲ့ နောက်ပိုင်းဟာ ကျွန်တော်တို့ အိမ်ပေါ့။ ဆိုင် စားပွဲခုံတွေဟာ ညဆို ကျွန်တော့်ခုတင်ပေါ့။ နံရံတွေပေါ်မှာ အရက်ပုလင်း ကြော်ငြာနေတဲ့ မိန်းမအရုပ်တွေနဲ့ ပြည့်နေတယ်။ ဒီမိန်းမတွေဟာ အရက် ပုလင်းထက် သူတို့ခန္ဓာကိုယ်ရဲ့ အဖုအထစ် အနိမ့်အမြင့်တွေကို ပိုပြီး ထင်သာ မြင်သာရှိအောင် ကြိုးစားအားထုတ်ထားကြတယ်ဆိုတာ သေချာပါတယ်။ ပြီးတော့ ဒီတံဆိပ် အရက်ကို သောက်သုံးလို့ ကံစမ်းမဲပေါက်ပါတယ် ဆိုပြီး မဲပေါက်ထားတဲ့ ကားတွေ၊ ဆိုင်ကယ်တွေ၊ ရွှေဒင်္ဂါးပြားတွေနဲ့ တွဲပြီး ရိုက်ထား တဲ့ ဖောသွပ်သွပ်ဓာတ်ပုံတွေ။ ဆိုလိုတာက ဒီအရက်တွေသောက်ရင် ကံကောင်း တယ်ပေါ့။ ဒီအရက်တွေ သောက်ပြီး ဖောရောင်ဖြစ်သွားကြတာကိုတော့ ထည့်ပြောမထားပါဘူး။ သေတယ်ဆိုတာကလည်း ကံစမ်းမဲမှ မဟုတ်တာ၊ အကုန်လုံး ပေါက်မဲတွေချည်းပဲကိုး။

"ဟော့ကောင်… မှတ်ထားကွ၊ ငါတို့နိုင်ငံမှာ ရေရောင်းတဲ့ အလုပ်က စီးပွားဖြစ်အမြန်ဆုံး၊ လက်ဖက်ရည်ဆိုင်ဖွင့်တာ၊ အအေးဆိုင်ဖွင့်တာမျိုးပေါ့၊ အဲဒီထက် ပိုမြန်တာက ဟော့ဒီအရက်ဆိုင်ပဲ၊ သောက်လေ မူးလေ၊ မူးလေ စိတ်မထိန်းနိုင်တော့လေ၊ ထပ်သောက်လေ၊ နောက်ဆုံး လမ်းစရိတ်မကျန် တော့တဲ့ အထိပဲ၊ ဒါတွေ မင်းလည်း သိနေပြီပဲ"

တကယ်တော့ အဖေလည်း မူးနေတာပါပဲ။ အဖေက အရက်လေး သောက်ပြီး သားသမီးကို ဆုံးမစကားပြောရင် ပိုပြီး အာဝဇ္ဇန်းရွှင်တတ်တယ် ဆိုတာ အတွေ့အကြုံအရ ကျွန်တော် သိပြီးသား။

"ရေရောင်းတဲ့အလုပ်ကို ပစ်ပြီး၊ ရေထဲခုန်ချမယ့် အလုပ်လုပ်ဖို့ မင်း ထပ်မပြောနဲ့"

ကျွန်တော့်ဘဝရဲ့ ပထမဆုံးအလုပ်လုပ်ဖို့ အစီအစဉ်ဟာ တစ်ညတည်း နဲ့ တစ်သက်တစ်ကျွန်း အပို့ခံလိုက်ရပါတယ်။ ကျွန်တော် ထပ်မပြောဖြစ် တော့ပါဘူး။ အိမ်က ဆိုင်လေးမှာပဲ အသက် ၁၀ နှစ်သာသာ စားပွဲထိုးလေး တစ်ယောက်တည်းကို မန်နေဂျာလုပ်ရင်း အဓိပ္ပာယ်ရှာမတွေ့တဲ့ နေ့ရက်တွေ ကို ဖြတ်သန်းနေခဲ့ပါတယ်။

mgyoe.com

m gyoe.com

ဒါပေမဲ့ ကျွန်တော် ကံကောင်းသွားပါတယ်။ လောင်စာဆီ စျေးနှုန်း မြင့်တက်တာတွေနဲ့ ပတ်သက်ပြီး ၂၀၀၇ ခုနှစ်ရဲ့ မိုးရေစက်တွေထဲကို သံဃာတော်တွေ လမ်းလျှောက်ထွက်လာကြတယ်။ မကွေးမှာ သံဃာတော်တချို့ အကြမ်းဖက်ခံရတဲ့ အဖြစ်အပျက်က ဘယ်သတင်းစာ၊ ဘယ်ရုပ်မြင်သံကြားမှာမှ မကြေညာပေမဲ့ စစ်ဖိနပ်အောက်က လူထုထဲ ပျံ့နှံ့စိမ့်ဝင်သွားတယ်။ တကယ်တော့ လောင်စာတွေက ရှိနေနှင့်ပြီးသားပါ။ မီးပွားကလေးတစ်စပဲ လိုတာလေ။ သံဃာတော်တွေနောက်မှာ လူအုပ်ကြီး ပါလာတယ်။ အဲဒီလူအုပ်ကြီးထဲ ရပ်ကွက်ထဲက သူငယ်ချင်းတွေ ပါသွားသလို ကျွန်တော်လည်း ပါသွားခဲ့တယ်။

ညဦးပိုင်းတွေဆို လမ်းထိပ်က စာအုပ်အငှားဆိုင်လေးမှာ နေ့လယ်က စွန့်စားခန်းတွေအကြောင်း အချင်းချင်း ပြန်ပြောဖြစ်ကြတယ်။ ရွှေတိဂုံဘုရားမှာတုန်းက ခြေလွတ်လက်လွတ် ထွက်ပြေးခဲ့ကြတာတွေ၊ ၃၃ လမ်းထဲ ဝင်ပြေးပြီး တိုက်လှေကားတွေပေါ် တက်ပြေးကြတော့ အိမ်ရှင်တွေက တံခါးဖွင့် ဝင်ခိုင်းပြီး ဝှက်ပေးထားကြတာတွေ၊ တာမွေ အထက ၁ နားမှာ သေနတ်နဲ့ အချိန်ခံထားရပြီးမှ ပြန်လွတ်လာကြတာတွေ။

မကြာပါဘူး။ အဖေနဲ့ အမေ အကြိတ်အနယ် ဆွေးနွေးကြတယ်။ အဖေက အော်တော့ အမေကလည်း ပြန်အော်တယ်။

"ဒါဆို... သူ လုပ်ချင်တာကိုလည်း မတားနဲ့လေ၊ လုပ်ပစေပေါ့၊ ဒီဆိုင်ရှိနေလည်း သူမှ စိတ်မပါရင် အလကားပဲ တော်ရော ပြီးတော့ ဒီအလုပ်ကကော ရေရှည်ကောင်းနိုင်ပါ့မလား၊ တွေးပဲ တွေးကြည့်ပါဦး"

အမေဟာ ကျွန်တော့်ဘဝ တစ်ဆစ်ချိုးဖို့ အဆုံးအဖြတ်ပေးလိုက်တဲ့ တရားသူကြီးပါပဲ။ အဖေဟာ သူ့သား ထောင်ကျတန်းကျတဲ့ အခြေအနေမျိုး ဆိုက်ရမယ့် အဖြစ်နဲ့ယှဉ်ရင် ရေမရောင်းဘဲ ရေထဲဆင်းတဲ့ ကိစ္စက ပိုကောင်းဆိုတာ သဘောပေါက်သွားပုံရပါတယ်။ သူ့ ဆုံးဖြတ်ထားတဲ့၊ သူ့ဘာသာ ရေးထားတဲ့ စီရင်ချက်ကို ပြန်ပြင်ရတာဆိုတော့ စိတ်မသက်မသာတော့ ဖြစ်နေပုံရပါတယ်။

"အေးပေါ့ကွာ၊ ဖောင်စီးရင်း ရေတော့ မငတ်စေနဲ့ပေါ့ကွာ"

ဒီတစ်ခါ အဖေ့ပါးစပ်က လွင့်လာတဲ့ အရက်နံ့ဟာ ကျွန်တော့်အတွက် အမွှေးမြဆုံးပါပဲ။

✧

m gyoe.com

mgyoe.com

အဲဒီတုန်းက သင်္ဘောလိုက်မယ်ဆို လမ်းကြောင်း သုံးကြောင်း ရှိတယ်။ အဆင့်အမြင့်ဆုံးက ရေကြောင်းတက္ကသိုလ်နဲ့ ရေကြောင်းကောလိပ်ပါ။ သူက ဆယ်တန်းအောင်ကတည်းက အမှတ်နဲ့ခေါ်တာ။ ကျွန်တော်တို့ကတော့ စက်ခန်းပိုင်းနဲ့ လိုက်မယ်ဆို၊ သင်္ဘောကျောင်းတစ်ခုခုမှာ ဒေါက်ဆင်းပေါ့။ သင်္ဘောကျောင်း ပညာသင်လုပ်သက် ယူခိုင်းတာ။ ကုန်းပတ်ပိုင်းက လိုက်မယ်ဆို၊ ကုမ္ပဏီခေါ်စာနဲ့လည်း ရသလို LCT လို့ခေါ်တဲ့ ပြည်တွင်းကမ်းရိုးတန်းသင်္ဘောလေးတွေမှာ လုပ်သက်ယူရတယ်။

ကျွန်တော်ကတော့ LCT မှာ တစ်နှစ် လုပ်သက် ယူခဲ့တာပါ။ တကယ်တော့ ဒီ LCT နည်းလမ်းဟာ တရားမျှတမှုကို ဘယ်လိုမှ ရှာဖွေတွေ့ရှိဖို့ မဖြစ်နိုင်တဲ့ လမ်းကြောင်းပါပဲ။ ဒီသံကိုယ်ထည် ကုန်သင်္ဘောလေးတွေမှာ ပညာသင်လုပ်သက်ယူဖို့ လိုင်းကြေးလည်း နင့်အောင်ပေးရသလို သင်္ဘောပေါ်မှာလည်း ပင်ပင်ပန်းပန်း လုပ်ရပါတယ်။ ပြီးတော့ လစာက မြန်မာငွေ ၅၀၀ ကျပ်တိတိပါ။ တကယ့် ဟာသတစ်ခုပါပဲ။ နာကျင်စရာဟာသပေါ့။

ကျွန်တော် လုပ်သက်ယူခဲ့တဲ့ သင်္ဘောက တန်ချိန် ၇၀၀ လောက်ရှိတယ်။ ဒီက ငါးတွေ၊ ပုစွန်တွေတင်ပြီး ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားပို့ရတာ။ သင်္ဘောပေါ်မှာ ကျွန်တော့်လို ပညာသင်တွေချည်း ၁၅ ယောက်တောင်ရှိတယ်။ အမြဲတမ်းသင်္ဘောသားက ခုနစ်ယောက်ပဲ။ အသက်ကယ်ဇောက်ကွင်းမရှိဘူး။ အသက်ကယ်လှေ မရှိဘူး။ အသက်ကယ်ဖောင်တော့ ရှိပါတယ်။ တိုင်ကီအခွံ လေးလုံးကိုတွဲပြီး အပေါ်က သစ်သားပြားတွေ ခင်းထားတဲ့ အသက်ကယ်ဖောင်ပေါ့။ ထူးဆန်းတာက သင်္ဘောတွေ စစ်ဆေးရေးဝင်တဲ့အခါတွေမှာဆို သင်္ဘောပိုင်ရှင်က အသက်ကယ်ဇောက်ကွင်းတွေ၊ အသက်ကယ်အင်္ကျီတွေ ပို့လိုက်တာပဲ။ စစ်ဆေးရေးကို ကျော်ဖြတ်ပြီးပြီဆိုရင်တော့ အဲဒီအသက်ကယ်ပစ္စည်းတွေကို ပြန်သိမ်းသွားတယ်လေ။ တကယ်တော့ အသက်ကယ်ပစ္စည်းတွေက အသက်ကယ်ဖို့ မဟုတ်ဘဲ သူတို့စီးပွားရေးကို ကယ်ဆယ်ဖို့ ဖြစ်နေတယ်။

ဘာပဲဖြစ်ဖြစ် တခြားသူတွေလိုပဲ ကျွန်တော် ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

သင်္ဘောလိုက်ဖို့ လက်မှတ်တွေစုံတော့ သူငယ်ချင်းက ရွှေဘုံသာလမ်းထဲက ကုမ္ပဏီတစ်ခုကို ခေါ်သွားတယ်။ တိုက်ကြီးက ရှေးဟောင်းတိုက်ကြီး။

mgyoe.com

တစ်ချိန်ကတော့ အရှိန်အဝါကြီးခဲ့မယ့် အဆောက်အအုံကြီးပေါ့။ အခုတော့ ဟောင်းနွမ်းနေတယ်။ လှေကားထစ်တွေ၊ စကြံလမ်းတွေဟာ မှောင်လို့။ လေးထပ်မြောက်၊ စကြံလမ်းအဆုံးက အခန်းတစ်ခန်းထဲ ကျွန်တော်တို့ ဝင်လာခဲ့ကြတယ်။

ဆေးရောင်စုံ ကောင်မလေးနှစ်ယောက် ထိုင်နေတဲ့ စားပွဲနှစ်လုံးကို ပြုံးပြကျော်ဖြတ်ပြီး တတိယမြောက် စားပွဲရှေ့မှာ ကျွန်တော်တို့ ရပ်လိုက်ကြတယ်။

"ဆရာ… ဒါ ကျွန်တော့်သူငယ်ချင်းပါ၊ လက်မှတ်တွေ in hand ဖြစ်နေပြီ၊ လူသစ်ပေါ့"

ဆရာအခေါ်ခံပုဂ္ဂိုလ်က ကွန်ပျူတာထဲ နစ်နေတဲ့ ခေါင်းကို မော့လိုက်တယ်။ ရွှေကိုင်းမျက်မှန်အောက်က မျက်လုံးတွေဟာ သားကောင်ကို ဒူးလေးနဲ့ ချိန်နေတဲ့ မုဆိုးမျက်လုံးတွေအတိုင်းပဲ။ ကြယ်သီးတစ်လုံး ဟထားတဲ့ လည်ပင်းမှာ လက်သန်းလုံးလောက်ရှိတဲ့ ရွှေဆွဲကြိုးကြီးက ကျွန်တော့်ကို ပြူးကြည့်နေတယ်။ ကျွန်တော်က ပြုံးပြလိုက်တယ်။

"အေး… ထိုင်ကြကွာ၊ ရတယ်လေ၊ မင်းစာအုပ် ပြပါဦး"

ကျွန်တော်က ဖိုင်ထဲက စီဒီစီစာအုပ်ကို ကမန်းကတန်း ထုတ်ပြလိုက်တယ်။ သူက ကျွန်တော့် ကိုယ်ရေးအချက်အလက်တွေကို စာ လေး – ငါး ကြောင်းလောက်နဲ့ ပြည့်စုံအောင်ရေးထားတဲ့ စီဒီစီကို ဖင်ပြန်ခေါင်းပြန်ကြည့်တယ်။ ပြီးတော့ ဟန်းချိန်းပြားပြားကြီး ပတ်ထားတဲ့လက်နဲ့ စားပွဲခုံကို တဒေါက်ဒေါက် ခေါက်နေတယ်။

"စိတ်ချပါ၊ ငါကိုင်ထားတဲ့ သင်္ဘောတွေ အများကြီးပါ၊ ဟုတ်လား၊ သိပ်မကြာစေရပါဘူး၊ ဟိုရှေ့မှာ ဖောင်ဖြည့်သွားလိုက်"

စက်ခလုတ်နှိပ်လိုက်သလို ကျေးဇူးတင်စကားတွေက ကျွန်တော့် ပါးစပ်ထဲကနေ ထွက်ကျသွားကြတယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

ကုမ္ပဏီက အဲဒီလူကြီး ပြောသလိုပါပဲ။ နောက်တစ်လအတွင်း ကျွန်တော် သင်္ဘောတက်ရတယ်။ လစာက အမေရိကန်ဒေါ်လာ ၄၀၀။ သွားရတာ အားလုံး လေးယောက်။ စက်ချုပ် ( Chief Engineer ) တစ်ယောက်၊ ကုန်းချုပ် ( Chief Officer ) တစ်ယောက်နဲ့ ကျွန်တော် အပါအဝင် အေဘီ ( A/B ) နှစ်ယောက်ပေါ့။ အရာရှိနှစ်ယောက်ကတော့ ကျွန်တော်တို့ လောကအခေါ် တစ်ချပ်မှောက်တွေပါ။ ဒီလောက်လစာလေးနဲ့လည်း လက်မှတ်အစစ် ကိုင်ထားတဲ့ အရာရှိအစစ်တွေက ဘယ်လိုမှ လာမလုပ်နိုင်ကြပါဘူး။ သူတို့ သုံးယောက်က သင်္ဘောတစ်စီးတည်း အတူတူကျပေမယ့် ကျွန်တော်ကတော့ တစ်ယောက်တည်းကွဲပြီး တခြားသင်္ဘောကို သွားရမှာပါ။

ဒီသင်္ဘောတက်ရဖို့အတွက် ကျွန်တော် လိုင်းကြေး ဒေါ်လာ ၂၀၀၀ ပေးခဲ့ရတယ်။ ကျန်တဲ့လူတွေလည်း အကုန်ပေးရတာပါပဲ။ စက်ချုပ်နဲ့ လိုက်တဲ့ပုဂ္ဂိုလ်ကတော့ ခပ်ကြမ်းကြမ်းပဲ။ သူ့ပါပလစ်ကာလေးကို ထုတ်ရောင်းပြီး လိုင်းကြေးပေးခဲ့တာ။ ပိုတဲ့ပိုက်ဆံနဲ့ လင်မယားနှစ်ယောက် ဟန်းဖုန်း တစ်လုံးစီ ဝယ်ပစ်ခဲ့တာပဲ။

ကျွန်တော်တို့က မလေးရှား ကွာလာလမ်ပူကို အရင်လာရတယ်။ ပြီးရင် မီရီမြို့လေးကို ပြည်တွင်းလေယာဉ်ထပ်စီးပေါ့။ ကျွန်တော့်ဘဝမှာ ပထမဆုံး လေယာဉ်ခရီးစဉ်လည်း ဖြစ်ပါတယ်။

ကွာလာလမ်ပူလေဆိပ် ရောက်ခါနီးတော့ အရာရှိတွေက ကျွန်တော်တို့ လူသစ်တွေကို မှာတယ်။

mgyoe.com

"ကေအယ်( လ် )ကို ရောက်ရင် ဘယ်မြန်မာက ဘာလာမေးမေး၊ ဘာမှပြန်မပြောနဲ့"

ပထမတော့ သူတို့ သတိပေးတာကို ကျွန်တော် သိပ်မနှစ်မြို့ပါဘူး။ ဒါပေမဲ့ အတွေ့အကြုံရှိပြီးသားလူတွေ ပေးတဲ့ အကြံဆိုတော့ အသာပဲ ငြိမ်နေလိုက်ရတယ်။

ကေအယ်လ်ကို တကယ်တမ်း ရောက်တော့လည်း သူတို့ ကြိုပြောထားတဲ့ အတိုင်းပဲ၊ တွေ့လိုက်ရတဲ့"ရွှေ"တွေ။ သူတို့လူ သူတို့ဘာသာလာကြိုနေကြသူတွေရော၊ အကြောင်းမရှိဘဲ စကားပြောဖို့ အတင်းဝင်ကြိုးစားကြသူတွေရော ရှုပ်နေတာ။ ကျွန်တော့်စိတ်က သိပ်မခိုင်ပေမယ့် အတင်းချုပ်တီးထားရတယ်။ ကိုယ့်နိုင်ငံ နယ်နိမိတ်ပြင်ပမှာ ကိုယ့်နိုင်ငံသားအချင်းချင်း ဆုံမိပေမဲ့ စကားပြန်မပြောရဲတာဟာ ရင်နာစရာပါလားဆိုတဲ့ အသိက ကျွန်တော့်ကို နာရီပေါင်း အတော်ကြာအောင် ဒုက္ခပေးနေခဲ့ပါတယ်။

မီရီလေဆိပ်ကို ရောက်တော့ ညမိုးချုပ်နေပြီ။" မစ္စတာဟောင်း" ဆိုတဲ့ အရပ်ရှည်ရှည် တရုတ်ကြီးတစ်ယောက် လာကြိုနေတယ်။ ကျွန်တော်တို့ကို ပင်လယ်စာတွေရတဲ့ စားသောက်ဆိုင်ကို အရင်ခေါ်သွားတယ်။ ပြီးတော့ တည်းခိုခန်းတစ်ခုမှာ အခန်းငှားပေးခဲ့ပြီး စက်ချုပ်လက်ထဲ ရင်းဂစ် ၅၀ ထည့်ပေးသွားတယ်။ ဒါဟာ ကျွန်တော်တို့ ၄ ယောက်စာ စားသောက်စရိတ်ပေါ့။ ဒီမှာ ဘယ်နှရက် နေရမလဲဆိုတာကတော့ ပြောမသွားပါဘူး။

မီရီဟာ တကယ့်ဆိပ်ကမ်းမြို့လေးပါ။ တည်းခိုခန်းကလည်း တကယ့်တည်းခိုခန်း စစ်စစ်လေးပါ။ တည်းခိုခန်းပေါ် ရောက်ရောက်ချင်းပဲ ကုန်းချုပ်က "ဟ… တကယ့်ဖာဘိကြီး ကျနေတာပဲ"လို့ ပျစ်ပျစ်နှစ်နှစ်ကြီး မှတ်ချက်ပေးလိုက်တာ ကြားလိုက်ရတယ်။ တကယ်တော့ ကိုယ်နေရမယ့် နေရာတစ်ခုကို ဒီလိုစကားလုံးတွေက အခြေအနေ နိမ့်ကျအောင် တမင်လုပ်နေတယ်လို့ ကျွန်တော် ခံစားမိတယ်။

ကျွန်တော်တို့ တည်းခိုခန်းအောက်ကို ကြည့်လိုက်ရင် ပလက်ဖောင်းပေါ် ပေါ်ပေါ်တင်တင် လူလုံးပြနေတဲ့ အဖွဲ့တစ်ဖွဲ့ ရှိတယ်။ ကျွန်တော်တို့ကို မြင်တော့ သူတို့လည်း တကြည့်ကြည့်နဲ့။ သူတို့ဝတ်ထားတာက မီနီစကတ်တွေ၊ ပေါင်ရင်းကပ်နေတဲ့ ဘောင်းဘီတိုလေးတွေ။ အပေါ်ပိုင်းကတော့ အကုန်လုံး

mgyoe.com

လိုလို အတူတူပါပဲ။ အသားပျော့အင်္ကျီထဲ ဖရဲသီး အငယ်စားတွေ ထည့်ဝတ်ထားသလို အယ်ကားပြီး ခပ်အိအိ ညွတ်နေကြတာ။ ဒါပေမဲ့ သူတို့ကြည့်ရတာ တစ်မျိုးပဲလို့ ကျွန်တော် ထင်တယ်။ တစ်ခုခု ထူးခြားနေသလိုပဲ။ သူတို့ ဒီနေရာမှာ ဘာကြောင့် လာစုဝေးနေတယ် ဆိုတာကိုလည်း ကျွန်တော် စဉ်းစားမရဘူး။

"ဟ… ဂျော်တကီးတွေပဲ"

ကျွန်တော့်ဘေးနား လာရပ်တဲ့ စက်ချုပ်က သိပ်မထူးခြားသလို၊ မျက်နှာသိတွေ ပြန်တွေ့ရသလို ရေရွတ်လိုက်မှ ကျွန်တော့်စိတ်ထဲ ထင့်နေတဲ့ အချက်ကို သွားတွေ့ရတာပါပဲ။ ဒီတော့မှပဲ သူတို့ရဲ့ မေးရိုးတွေ၊ ခြေလက်အဆစ်အမြစ်တွေရဲ့ ဖွဲ့စည်းပုံတွေကို သတိထားမိပါတော့တယ်။ ပြီးတော့ သူတို့လည်း သူတို့ဈေးကွက်နဲ့ သူတို့ လှုပ်ရှားနေကြတာကိုပါ ထပ်သိလိုက်ရပါတယ်။

တည်းခိုခန်းရောက်ပြီးတာနဲ့ နဂိုကတည်းက တီးတိုးညှိနေတဲ့ ကုန်းချုပ်နဲ့ တခြား အောဘီတို့ အပြင်ထွက်သွားတယ်။ နောက်ထပ် တစ်နာရီလောက်ကြာတော့ ကောင်မလေး နှစ်ယောက်နဲ့ ပြန်ရောက်လာတာပဲ။ "အ"မလေးတွေတဲ့။ "အ"ဆိုတာ အင်ဒိုနီးရှားတွေကို အတိုကောက် ခေါ်ကြတဲ့ နာမည်ပါ။ သူတို့ရုပ်တွေက ကျွန်တော်တို့ မြန်မာရုပ်တွေပဲ။ ခွဲမရဘူး။

"အဝေးကွင်းမှာ ခြေစမ်းပွဲကန်မလို့လေ ဟားဟားဟား"

သူတို့ကတော့ ပေါ့ပေါ့ပါးပါးပါပဲ။ ဘာမှ မဖြစ်သလိုပါပဲ။ သူတို့ပခုံးပေါ်မှာ ဘာမှ ထမ်းမထားကြသလိုပါပဲ။

နောက်တစ်နေ့ မနက်ရောက်တော့ ကုန်းချုပ်မျက်နှာ သိပ်မကောင်းဘူး။ တည်းခိုခန်းအောက်နားက ထမင်းဆိုင်မှာ မနက်စာ စားတဲ့အထိ သူ့မျက်နှာက မကောင်းတာ။ တကယ်ဆို ကျွန်တော်က သူ့လိုလူမျိုးကို ခပ်ရွှင်ရွှင်၊ ခပ်ပေါ့ပေါ့၊ အရှက်မဲ့တဲ့လူလို့ သတ်မှတ်ထားတာ။ မနက်လင်းလို့ လူစုံတာနဲ့ ညက အင်ဒိုနီးရှားမလေးနဲ့ တစ်ခန်းရပ်ပြဇာတ်ကို နောက်ကြောင်းပြန်ပြီး ပါးစပ်အရသာခံတော့မယ်လို့ တထစ်ချ တွက်ထားတာ။ ညက သူ့ အဖော်ဝါသနာတူ အောဘီကတော့ ခပ်ပြုံးပြုံးပါပဲ။

mgyoe.com

 SAMPLE BOOK 

တကယ်တော့လည်း မနက်စာ စားနေကြတုံး၊ ကုန်းချုပ်က ညက အတွေ့အကြုံကို ပြန်ပြောတာပါ။ ဒါပေမဲ့ ကျွန်တော် ထင်ထားသလိုတော့ မဟုတ်ဘူး။

"ညက ကျွန်တော့်ကောင်မလေးက "အ"မ မဟုတ်ဘူး"

သူ့လေသံက သူပြောနေတာ မဟုတ်တဲ့ အတိုင်းပဲ။ လေးလေးလံလံနဲ့။ ကျွန်တော်တို့ကလည်း စားသောက်နေရင်း မျက်လုံးပင့်ကြည့်ကြတယ်။ ဟို အောဘီကတော့ မျက်လုံးနည်းနည်း ပြူးသွားသလိုပဲ။

"သူကလည်း အင်ဒိုနီးရှားပါလို့ ပြောတာ၊ စကားပြောတော့လည်း မလေးရှားလို မှတ်လို့ဗျ၊ ကျွန်တော်ကလည်း "အ"မပဲ ထင်တာပေါ့"

ဒီတစ်ခါတော့ ကျွန်တော်တို့ရဲ့ ပင့်ထားတဲ့မျက်လုံးတွေကို ပြန်မရုပ်မိကြတော့ဘူး။

"ဒါဆို"

စက်ချုပ်က စကားထောက်ပေးတယ်။

"ညက"

ကုန်းချုပ်က သူ့ညဇာတ်လမ်းကို စပြောတယ်။

"အခန့်မသင့် ဖြစ်သွားတဲ့အချိန် ၊ သူ နာသွားတယ် ထင်တယ်ဗျ၊ ရုတ်တရက် ယောင်အော်လိုက်တာ၊ အမေ့တဲ့၊ မြန်မာလို ပီပီသသကြီး အော်လိုက်တာပါဗျာ၊ အမေ့လို့ အော်လိုက်တာ"

ကာယကံရှင်တော့ ဘယ်လိုဖြစ်သွားသလဲ မသိဘူး၊ ကျွန်တော့် ရင်ထဲတော့ ဆို့ကျပ်သွားတယ်။ အသက်ရှူလည်း ခက်သွားသလိုပါပဲ။ ကျန်တဲ့သူတွေလည်း ဘာမှန်းမသိတဲ့ အာမေဋိတ်သံတွေနဲ့ ကုန်းချုပ်ကို အလန့်တကြား ကြည့်နေကြတာ။

ကုန်းချုပ်အသံက ဒဏ်ရာရသွားတဲ့ သားကောင်တစ်ကောင် ညည်းတွားနေသလို ဖြစ်နေတယ်။ သူ့မျက်လုံးတွေက ကျွန်တော်တို့ကိုတောင် မြင်ရပုံ မရပါဘူး။

"ကျွန်တော်လည်း ရှော့ခ်ရသွားတယ်ဗျာ၊ သူလည်း ကြောင်ပြီး ငြိမ်သွားတယ်၊ ပြီးတော့ ငိုတယ်၊ ကျွန်တော်လည်း ဘယ်လိုမှ ရှေ့မဆက်နိုင်တော့ဘူး၊ ရေသွားချိုးပစ်လိုက်တယ်၊ ပြီးတော့ တစ်ညလုံးထိုင်ပြီး စကားပြောနေလိုက်တယ်၊ ကျွန်တော် သူ့ကို ဘယ်လိုမှ စိတ်ကူးလို့ကို မရတော့တာ"

mgyoe.com

mgyoe.com SAMPLE BOOK


"လာတုန်းကတော့ စက်ရုံအလုပ်ပေါ့ဗျာ၊ လစာမရတော့မှ အေးဂျင့်က အကုန်ယူပြီးသား ဖြစ်နေပြီ၊ ဒီလို ဆက်မနေနိုင်တော့ နေရာပြောင်းလုပ်ရင်း အိုဗာစတေးဖြစ်၊ ပြီးတော့ ညကလို ရင်းဂစ် တစ်ရာတန် ဖြစ်သွားတာပဲ"

"ရွာမှာလည်း ကျွန်တော် သွားခဲ့လာခဲ့တာပဲ၊ ပိုက်ဆံပေးပြီး ပြီးပြီပေါ့၊ အခု ဒီမှာ ကျွန်တော် အဲဒီလို ခံစားလို့ မရဘူး၊ ကိုယ်လည်း ဘာမှ မတတ်နိုင်ဘူး"

ကုန်းချုပ်က စကားကို ရပ်ပစ်လိုက်တယ်။ ပြောစရာတွေက သူ့မှာ ကျန်သေးတယ်။ ဒါပေမဲ့ ဆက်ပြောနိုင်စွမ်း မရှိတော့လို့လား၊ ပါးစပ်ညောင်းသွားလို့လား မသိ၊ စကားဝိုင်းက တိတ်ဆိတ်သွားတာပဲ။

"အိုး... ဒါတွေက အများကြီးပါဗျာ"

စက်ချုပ်က သဗ္ဗေသတ္တာ၊ ကမ္မသကာတရား ဟောပြီး စကားဝိုင်းထဲ ကျပ်ခဲနေတဲ့ ဖိအားတွေကို လျှော့ချပစ်ဖို့ ကြိုးစားတဲ့ သဘောမျိုးပါပဲ။ ဒါပေမဲ့ ရာနှုန်းပြည့် မအောင်မြင်ပါဘူး။ တည်းခိုခန်းက ခုတင်ပေါ် ပြန်ရောက်တဲ့အထိ ကျွန်တော့်နားထဲမှာ "အမေ့" လို့ ယောင်အော်လိုက်တဲ့ အသံကို ကိုယ့်နားနဲ့ဆတ်ဆတ် ကြားခဲ့ရသလိုမျိုး ကြားနေရတုန်းလေ။

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၃ )

နှစ်ရက်ကြာတော့ မစ္စတာဟောင်း ပြန်ရောက်လာတယ်။ ကျွန်တော့်ကို အရင်ခေါ်သွားတယ်။ ကျွန်တော် တက်ရမယ့် သင်္ဘောက ရောက်နေပြီတဲ့။ ရင်တွေခုန်ပြီး စိတ်လှုပ်ရှားလာတယ်။ အဖော်တွေနဲ့ ရှိနေတုန်းက မတွေးမိတဲ့ အားငယ်စရာတွေကို ခုချိန်မှာ တွေးမိလာတယ်။ ဘာတတ်နိုင်တော့မှာလဲ။ အထုပ်အပိုးတွေယူပြီး လိုက်လာခဲ့တယ်။ မိနစ် ၂၀ လောက် ကြာတော့ ကျွန်တော်တို့ ကားလေးက ပင်လယ်ကမ်းခြေဘေးက လမ်းအတိုင်း ပြေးနေပြီ။ ပင်လယ်ဆိုတာ ကျွန်တော့်ဘဝမှာ ပထမဆုံး မြင်တွေ့ရခြင်းပါပဲ။ စိမ်းပြာပြာ ပင်လယ်ပြင်ကျယ်ကြီးကို ကြည့်ရင်း အသက်ရှူတွေ ကျပ်ကျပ်လာနေသလို ခံစားနေရတယ်။ ပင်လယ်ထဲမှာ ကျောက်ချထားတဲ့ သင်္ဘောတွေကို တွေ့ရင် ငါသွားရမယ့် သင်္ဘောများလားဆိုပြီး မှန်းဆလို့ပေါ့။

မစ္စတာဟောင်းကလည်း ကားစမောင်းကတည်းက ဘာစကားမှ ထပ်မပြောတော့တာ။ ကျွန်တော်တို့ ဆိပ်ကမ်း"လ . ဝ . က" တစ်ခုကို ဖြတ်ပြီးတာနဲ့ မော်တော်ဘုတ်လေးတစ်စီးက အသင့်စောင့်နေတာကို တွေ့ရပါတယ်။ ဒီနေရာမှာပဲ မစ္စတာဟောင်းက ပြန်လှည့်သွားမှာပါ။ ကျွန်တော်တို့ သင်္ဘောက ပင်လယ်ဝမှာ ကျောက်ချထားတာဆိုတော့ ဒီဘုတ်လေးနဲ့တစ်ဆင့် သွားရမှာတဲ့။

မော်တော်ဘုတ်ပေါ် ကျွန်တော် တက်ခါနီးတော့ မစ္စတာဟောင်းက "အိုကေ... ကံကောင်းပါစေ"လို့ တစ်ခွန်းတည်း ပြောသွားတာပဲ။ ကျွန်တော် လည်း အမှန်တကယ်ကို ကံကောင်းချင်ပါတယ်လို့ စိတ်ထဲက ပြန်ပြော လိုက်မိတယ်။

mgyoe.com

သဘော်ာပေါ် ခြေချမိမိချင်း ကျွန်တော့်အတွေးထဲ တိုးဝင်လာတဲ့ ပထမဆုံးအသိက 'သဘော်ာဆိုတာ အိမ်နဲ့ မတူဘူး' ဆိုတာပါပဲ။ ဒီအတွေးဟာ ဟာသဆန်တယ်လို့ ထင်စရာပါပဲ။ တကယ်တော့ ဟာသမဆန်တဲ့အပြင် ကြေကွဲစရာတောင် ကောင်းနေပါသေးတယ်။ အဲဒီအချိန်အထိ ကျွန်တော်ဟာ 'အိမ်'ဆိုတဲ့ နေရာတွေမှာပဲ နေထိုင်ခဲ့ဖူးသူပါ။ ကိုယ့်အိမ် မဟုတ်တောင် တခြားသူတွေရဲ့ အိမ်ပေါ့လေ။ သဘော်ာပေါ်ရောက်တာနဲ့ အိမ်နဲ့ သဘော်ာဆိုတဲ့ နေရာနှစ်ခုကြားက ခြားနားချက်ကို အလွယ်တကူ သဘောပေါက်သွားခဲ့ပါတယ်။ ဒီလိုသဘောပေါက်သွားတာကလည်း တစ်နည်းအားဖြင့် သဘော်ာပေါ်မှာ ပျော်ရွှင်မှုကို ရှာဖွေတွေ့ရှိဖို့အရေးကို အနှောင့်အယှက် ဖြစ်သွားစေတဲ့ ကံမကောင်း အကြောင်းမလှမှု တစ်ခုလို ဖြစ်ခဲ့ရပါတယ်။

သဘော်ာက ခပ်သေးသေးပါပဲ။ ကုန်ပေါက် နှစ်ပေါက်ပါတဲ့ ကုန်တင်သဘော်ာပေါ့။ သံချောင်းတွေ၊ သံပြားတွေ၊ အထပ်သားတွေ တင်တာ။ ကပ္ပတိန်က မလေးရှားပဲ။ အရပ်ခပ်မြင့်မြင့်ပဲ။ အသက်က ၅၀ ကျော်လောက်ပေါ့။ ဆံပင်က ခပ်တိုတို၊ ခပ်ထောင်ထောင်ပေမဲ့ သားနှစ်ဖက်ကို ပါးထားတယ်။ တစ်ချိန်က ခေတ်စားဖူးတဲ့ 'The Ghost' ရုပ်ရှင်ထဲက ပက်ထရစ်ဆွေဇီရဲ့ ဆံပင်ပုံစံမျိုးနဲ့ပါ။ နှုတ်ခမ်းမွေးကျဲကျဲနဲ့ ခပ်တင်းတင်း မျက်နှာကတော့ 'ငါ ကပ္ပတိန်' ဆိုတဲ့ ဟန်ကို သူ့စိတ်ကူးနဲ့သူ ဖန်တီးထားတာ ဖြစ်မှာပါပဲ။ တခြားသဘော်ာသား အများစုကတော့ အင်ဒိုနီးရှားတွေ။ 'ဖား'လို့ မြန်မာတွေ နာမည်ပြောင်ပေးထားတဲ့ ဖိလစ်ပိုင်တချို့လည်း ရှိနေပါတယ်။

ကျွန်တော် မရောက်ခင် သဘော်ာပေါ်မှာ ရွှေနှစ်ယောက် ရှိထားပြီးသားပဲ။ ကုန်းချုပ်နဲ့ ဘိုဆင်။ ကုန်းချုပ် ဆိုတာကတော့ တခြားလူတွေလိုပါပဲ၊ တစ်ချပ်မှောက်ပေါ့။ သဘော်ာက ချောင်းဝတစ်ခုနားမှာ ကျောက်ချထားတယ်။ အဲဒီချောင်းဟာ မလေးရှားနဲ့ ဘရူနိုင်းကို ခြားထားတဲ့ မျဉ်းတစ်ကြောင်းလေ။ အဲဒီချောင်းရိုးအတိုင်း လိုက်သွားရင် သဘော်ာကျင်းလေးတွေ သုံးခုလောက် ရှိနေကြသေးတာ။

ကျွန်တော် သဘော်ာပေါ်ရောက်လို့ အခန်းထဲ ပစ္စည်းတွေ နေရာချနေတုန်း ဘွိုင်လာစွပ်အပြာနဲ့ လူတစ်ယောက် ရောက်လာတယ်။ ဘွိုင်လာစွပ်မှာ ချေးတွေနဲ့။ မျက်နှာမှာလည်း ချေးတွေနဲ့။ လူဟန်ပန်က ခပ်ကြမ်းကြမ်း။

mgyoe.com

mgyoe.com
SAMPLE BOOK


အပြုံးအရယ် ကင်းမဲ့မျက်နှာ။ လူတစ်ယောက်ရဲ့ ဆက်ဆံရေးကို ကြည့်တာနဲ့ အဲဒီလူဟာ ပျော်ရွှင်နေသူ ဟုတ်၊ မဟုတ် အလွယ်တကူ သိနိုင်ပါတယ်။ သေချာတာကတော့ ဒီလူဟာ ပျော်ရွှင်မှုကို ရယူခံစားနိုင်ဖို့ ကံဇာတာ ပါမလာသူ ဆိုတာပါပဲ။

"ခင်ဗျား အောဘီမဟုတ်လား၊ ကုန်းချုပ် ခေါ်နေတယ်"

သင်္ဘောပေါ် စရောက်လာတဲ့ မြန်မာလူမျိုးအချင်းချင်း၊ ဘိုဆင်ရဲ့ ကြိုဆိုပုံက နဂို စိုးရိမ်စိတ်ကြီးနေတဲ့ လူကို ပိုအားနည်းသွားအောင် လုပ်လိုက်သလိုပါပဲ။ ဘွိုင်လာစွပ် ကမန်းကတန်း ကောက်စွပ်ပြီး နောက်က လိုက်သွားတော့ ကုန်းပတ်ပေါ်မှာ မတ်တတ်ရပ်နေတဲ့ လူတစ်ယောက်ကို တွေ့တယ်။ ဘွိုင်လာစွပ်က ကျွန်တော်တို့လို လိမ္မော်ရောင်ပဲ။ ဒါပေမဲ့ ဆောင်းထားတဲ့ ဟဲလ်မတ်ကတော့ အဖြူ။ သူ့မျက်နှာက ဘိုဆင်လိုတော့ တင်းမနေပါဘူး။ အဲဒီလိုပဲ အရယ်အပြုံးလည်း မရှိပြန်ဘူး။ ဒါပေမဲ့ သူလည်း တစ်ချပ်မှောက်ဆိုတာ ကျွန်တော် ကြိုသိပြီးသားပါ။

"အေး... မင်းနာမည်... ဘယ်သူ"

"မျိုးကိုကိုပါ"

"အေး အေး... ဟုတ်ပြီ မျိုးကိုကို၊ မင်းဂျူတီက ဆယ့်နှစ်နာရီကနေ လေးနာရီ၊ အခု တစ်နာရီဆိုတော့ ဒါ မင်းဂျူတီပဲ၊ ဒီရေပိုက်တွေ အကုန်ပြန် ခွေလိုက်တော့"

"ဟုတ်ကဲ့ ဆရာ"

တစ်လက်မလောက်ရှိတဲ့ ပလတ်စတစ် ရေပိုက်ပျော့တွေကို ပြန်ခွေသိမ်း ရတာဟာ ကျွန်တော့်သင်္ဘောသားဘဝရဲ့ ပထမဆုံးအလုပ်ပါပဲ။

"သေချာလုပ်၊ ဟေ့ကောင်... တော်ကြာ သူကြီးက ဖင်ချစရာရှိ၊ ငါ့ပဲ ချတာ"

ကုန်းချုပ်က ပြောပြောဆိုဆိုနဲ့ သင်္ဘောဦးဘက်ကို ဆက်လျှောက် သွားတယ်။ ကျွန်တော်ကတော့ နားထဲ ခါးရှုရှုဝင်လာတဲ့ ကုန်းချုပ်ရဲ့ အလင်္ကာ နိမိတ်ပုံသစ်လေးကို တအံ့တသြ ဖြစ်ကျန်ရစ်ခဲ့ပါတယ်။ ဘိုဆင်ကို တော့ သင်္ဘောဦးဘက်မှာ တလှုပ်လှုပ် လှမ်းမြင်လိုက်ရချေပေါ့။

✧

mgyoe.com

mgyoe.com

နောက်ထပ် နှစ်ရက်ကြာတော့ ဆွဲသင်္ဘောလေးနဲ့ တွဲထားတဲ့ ကုန်တွဲတစ်စီး ကျွန်တော်တို့သင်္ဘောကို လာကပ်ပါတယ်။ အဲဒီကုန်တွဲက သံချောင်းတွေ၊ သံပြားတွေနဲ့ အထပ်သားပြားတွေ တင်လာတာပါ။ ပြီးတော့ ကျွန်တော်တို့ သင်္ဘောဆီကို ကရိန်းနဲ့ မ ပြီး ပို့တယ်။ ဒီနေရာမှာ တကယ့် အလုပ် စတင်ပါတော့တယ်။ ပြီးတော့ နောက်တစ်စီး။ ပြီးတော့ နောက်ထပ် တစ်တစီး။ ပြီးတော့။ ပြီးတော့။

ကုန်တင်ကုန်ချချိန်ဆို ကျွန်တော်တို့က ခြောက်နာရီလုပ်၊ ခြောက်နာရီနား လုပ်ကြရတယ်။ ကျွန်တော်နဲ့ အတူတွဲလုပ်ရတာက ဘိုဆင်ပါပဲ။ သင်္ဘော ကုန်ပေါက်ထဲမှာနေပြီး ကရိန်းက ချိတ်တွေကို တူနဲ့ရိုက်ဖြုတ်ရ၊ ကုန်တွေ သူ့နေရာနဲ့သူဖြစ်အောင် စီရီရ၊ ကုန်းပတ်ပေါ် အလုပ်ရှိတယ်ဆို ပြန်ပြေး တက်ရ။ ကျွန်တော့်ရဲ့ ခြောက်နာရီလုပ်၊ ခြောက်နာရီ နားချိန်တွေဟာ နေ့စံလိုက်၊ ညခံလိုက် ဖြစ်နေတဲ့ အသူရကယ်တွေလိုပါပဲ။

မကြာပါဘူး၊ နောက်ထပ် ၅ ရက်မြောက် မနက်ခင်းရဲ့ မနက် ခြောက်နာရီမှာ ကျွန်တော် မနက်စာ ထမစားတော့သလို၊ ကုန်တင်နေတဲ့ နေရာကိုလည်း မသွားဖြစ်တော့ပါဘူး။ ကိုယ်တွေ ချစ်ချစ်တောက်ပူပြီး အမြီးကနေ စိတ်ရှိလက်ရှိ ကိုင်ရိုက်ခံထားရတဲ့ မြွေတစ်ကောင်လို တစ်ကိုယ်လုံး ကျိုးကြေနေသလားလို့ သံသယဝင်ရတဲ့အထိ ညောင်းကိုက်နေတာပဲ။

ကျွန်တော် ထင်တဲ့အတိုင်းပါပဲ၊ မနက် ခြောက်နာရီထိုးပြီး မိနစ် အနည်းငယ်မှာ အခန်းတံခါး လာခေါက်ပါတယ်။ ထမကြည့်ပါဘဲ ဘိုဆင်ကြီး ဆိုတာ ကြိုသိတာပေါ့။ ကျွန်တော်လည်း သူ့အလာကို စောင့်နေတာပါပဲ။

"ကျွန်တော်...ကျွန်တော် ဖျားနေပြီထင်တယ်"

ကျွန်တော့်အခြေအနေကို မြင်တော့ သူ စိတ်ပျက်သွားတာကို သိသာအောင် ကာယကံမြောက် ပြသတယ်။ နဖူးပေါ် လက်ဝါးနဲ့ ရိုက်တယ်။ ပြီးတော့ ကျွတ်စုပ်တယ်။ ပြီးတော့ ဆဲရေးသလိုလို၊ ညည်းညူသလိုလိုနဲ့ ပြန်ထွက်သွားတယ်။ နောက်ထပ် ငါးမိနစ်ကြာတော့ ကုန်းချုပ်ပါ ရောက်လာ တယ်။ ဘိုဆင် သတင်းသွားပို့တာ ဖြစ်မှာပါ။

ကုန်းချုပ်က ကျွန်တော့်ကို ကြည့်တယ်။ လက်ဖျံကို စမ်းတယ်။ ပြီးတော့ နဖူး။ ကျွန်တော့်အဖျားငွေ့တွေက သူ့လက်ကို သွားဟပ်တယ် ထင်ပါတယ်၊ သူ့လက် ဖျတ်ခနဲ ပြန်ရုပ်သွားတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

"ငါ့ -ီးလိုမှကွာ၊ သူကြီးက ငါ့ဖင်ချတော့မှာပဲ"

ဒီလူ ဒါပဲ ပြောတတ်တယ် ထင်တယ်။ တကယ်လည်း ဒါပဲ ပြောသွားတာပါ။

အိမ်နဲ့ သင်္ဘောရဲ့ နောက်ထပ် ခြားနားချက်တစ်ခုကို ရင်နာနာ ထပ်တွေ့လိုက်ရတာပါပဲ။ ဆေးသောက်ဖို့၊ ကျန်းမာရေး ဂရုစိုက်ဖို့၊ အနားယူဖို့ စတဲ့ စကားမျိုးတွေ မကြားရပါဘူး။ အလုပ်လုပ်ဖို့ လာပြီးမှ အလုပ်မလုပ်နိုင်တာဟာ ဒီလိုနေရာမျိုးမှာတော့ ပြစ်မှုတစ်ခုဖြစ်ကြောင်း ကျွန်တော်နားလည် သဘောပေါက်သွားတယ်။ အိမ်က ထည့်ပေးလိုက်တဲ့ ဆေးတွေနဲ့ပဲ ကိုယ်ဘာသာ ကုသရပါတယ်။ အိမ်ရဲ့အဝေးမှာ ကိုယ့်အသက် ကိုယ် ရှင်သန်အောင် မွေးမြူနိုင်ဖို့ ကိုယ်တိုင်ကလွဲလို့ ဘယ်သူ့မှာမှ တာဝန်မရှိပါဘူး။

နောက် နှစ်ရက်လောက်ကြာတော့ ကျွန်တော် အခန်းအပြင်တောင် မထွက်နိုင်တော့ဘူး။ မြန်မာတွေ အပါအဝင်၊ အင်ဒိုနီးရှားတွေလည်း ကျွန်တော့်အခန်းဆို ဝေးဝေးက ရှောင်သွားကြတယ်။ ကူးစက်ရောဂါဖြစ်မှာကို သူတို့ကြောက်နေကြတာပဲ။ ကုန်တင်နေတာကတော့ မပြီးသေးဘူး။ ကျွန်တော် အပြင်မထွက်နိုင်တော့ ဂျူတီကိစ္စတွေ ဘယ်လိုဖြေရှင်းနေကြလဲလည်း မသိဘူး။ ပြီးရင် အိန္ဒိယသွားမယ်တဲ့။ သတင်းသဲ့သဲ့ ကြားတာပါ။ ခက်တာက ကျွန်တော့်အဖျားက ကျမသွားဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်လန့်လာတယ်။

မှတ်မှတ်ရရ၊ ကျွန်တော် သင်္ဘောပေါ်ရောက်ပြီး တစ်ပတ်တိတိမှာ ကျွန်တော့်အခန်းထဲ ကပ္ပတိန်ရောက်လာပါတယ်။ မျက်နှာကြောတင်းတာက သူ့ပင်ကိုဟန် ဖြစ်ပုံရပါတယ်။

"အောတီ၊ မင်း အလုပ်လုပ်ဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ ငါထင်တယ်၊ မနက်ဖြန် ဒီသင်္ဘောက အိန္ဒိယသွားမှာ၊ ပြီးရင် ဂျပန်ကို ဆက်သွားမယ်။ ငါတို့က သင်္ဘောပေါ်မှာ ဒီလို ဖျားနာနေတဲ့လူကို ခေါ်သွားလို့ မဖြစ်ဘူး"

ကျွန်တော့်ခေါင်းကို မိုးကြိုးထိသလိုပါပဲ။ ပေးခဲ့ရတဲ့ အမေရိကန် ဒေါ်လာ ၂၀၀၀ က အတွေးထဲ ဒိုင်းခနဲ ပြေးဝင်လာတယ်။ အဖေပြောခဲ့တဲ့ "ဖောင်စီးရင်း ရေတော့ မငတ်စေနဲ့" စကားက ပြန်နိုးထလာတယ်။ အဖေ၊ အမေနဲ့ ကျောင်းမပြီးသေးတဲ့ ညီမလေးမျက်နှာက တစ်ကွက်ပြီး တစ်ကွက်။

"ကျေးဇူးပြုပြီး ကပ္ပတိန်၊ ငါ မနက်ဖြန်ဆို"

mgyoe.com

mgyoe.com

"စိတ်မကောင်းပါဘူး၊ မင်းတို့မြန်မာတွေ သင်္ဘောတက်ရင် ပိုက်ဆံအများကြီးပေးရတာ ငါသိပြီးသားပါ၊ ဒါပေမဲ့ သင်္ဘောပေါ်မှာ လူအပိုဆိုတာ မရှိဘူး"

"မင်း အိတ်တွေ ပြင်ထားလိုက်တော့၊ နောက်ထပ် ၁၅ မိနစ်ဆို အေးဂျင့်ကား ရောက်လာလိမ့်မယ်၊ ပြီးရင် မင်းကို ဆေးရုံပို့ပေးမယ်"

ကျွန်တော် ဘာပြောရမှန်း မသိခင်မှာပဲ သူကြီးက စာအိတ်တစ်အိတ် ထိုးပေးသွားတယ်။ ဖွင့်ကြည့်လိုက်တော့ အမေရိကန် ဒေါ်လာ ၂၀၀။

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၄ )

အိမ်က ထွက်သွားပြီး ရက်သတ္တ ၂ ပတ်အကြာမှာတော့ ဒေါ်လာ ၂၀၀၀ တန် ဒဏ်ရာတွေနဲ့ လူတစ်ယောက်ဟာ ဒေါ်လာ ၂၀၀ ကို ကိုင်ပြီး ကျိုးကျသွားတဲ့ ဦးခေါင်းတစ်လုံးကို တွဲလောင်းချလို့ အိမ်ပြန်ရောက်လာပါတယ်။ ကျွန်တော် အိမ်ကို ပြန်ရောက်လာပုံက ဉက္ကာခဲ အပိုင်းအစကြီး တစ်ခု အိမ်ပေါ်တည့်တည့် ပြုတ်ကျသွားသလို အရှိန်ပြင်းလွန်းလှပါတယ်။ တစ်အိမ်လုံး သိမ့်သိမ့်တုန် ယမ်းခါသွားပါတယ်။ အမေရိကန်ဒေါ်လာ ၂၀၀၀ ဆိုတဲ့ ငွေကြေးဟာ ကျွန်တော်တို့မိသားစုရဲ့ ရှိသမျှ ခွန်အားအကုန်ကို ညှစ်ထုတ်ခဲ့ရတာလေ။

"ဖောင်စီးရင်း ရေမငတ်ပါစေနဲ့လို့ ငါ မှာလိုက်ပါတယ်ကွာ"

အရင်ထက် ရေချိန်ပိုနေတဲ့ အဖေ့အသံထဲ ဆွေးမြည့်မှုတွေ၊ အားလျော့မှုတွေပါ ရောနေကြတယ်။

"အခုဟာက ဖောင်စီးရင်း ရေငတ်ခဲ့တာ မဟုတ်ဘူး အဖေ"

"ဘာ"

ကျွန်တော် ခပ်အေးအေး တုံ့ပြန်တော့ အဖေက မျက်နှာတစ်ပြင်လုံး ရှုံ့တွသွားအောင် ကျွန်တော့်ကို ပြန်ကြည့်နေတယ်။

"ဒါက ဖောင်ပေါ် ရောက်ရုံပဲ ရောက်ခဲ့တာပါ၊ ဖောင်မစီးခဲ့ရသေးပါဘူး"

ကျွန်တော့် နောက်ဆက်တွဲစကားကို ကြားတော့ အဖေ ငြိမ်ကျသွားတယ်။ ဘာမှ ထပ်မပြောတော့ဘူး။

mgyoe.com

mgyoe.com

"လူ ဘာမှမဖြစ်ဘဲ နေပြန်ကောင်းလာတာပဲ ကျေးဇူးတင်ရဦးမှာ၊ လူထက် ဘာမှ အရေးမကြီးဘူးဟေ့"

တစ်ချိန်က ကျွန်တော့်ဘဝအတွက် တရားသူကြီး ဖြစ်ခဲ့သူ အမေဟာ အခုတော့ ကျွန်တော့်ဘက်က ရှေ့နေဖြစ်နေပြန်ပါရောလား။

အမေ့တစ်ချက်လွှတ်အမိန့်ဆို ဘယ်တော့မှ အယူခံ မတက်ခဲ့တဲ့ အဖေက အခုလည်း အသံလာရာ မီးဖိုခန်းဘက် မျက်စောင်းဝင့်ရုံကလွဲပြီး ဘာမှ ထပ်မပြောတော့ပါဘူး။ အတော်ကြာမှ အပြုံးငွေ့ငွေ့လေးနဲ့ ခေါင်း တဆတ်ဆတ် လုပ်နေတယ်။

"အေးပေါ့ကွာ၊ လောလောဆယ်တော့ ပိုအဆင်ပြေသွားတယ်တောင် ပြောရမလို ဖြစ်နေပြီ၊ ဆိုင်က စားပွဲထိုးကောင်လေးလည်း ရွာခဏပြန်မယ်လို့ ပြောပြောနေတာ"

✧

ပြန်ရောက်ပြီး သုံးလလောက်တော့ ကျွန်တော့်ဟာ အဖေ့ဆန္ဒအတိုင်း အဖေ့ဆိုင်မှာ စားပွဲထိုးလေး ပြန်ဖြစ်နေရပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော်မြင်ခဲ့ရပြီး ကျွန်တော် မသွားခဲ့ရတဲ့ ပင်လယ်လမ်းကိုပဲ လှမ်းလှမ်း ကြည့်နေမိခဲ့တာပါပဲ။ ဆွေမျိုးအသိုင်းအဝိုင်းတွေ၊ အိမ်နီးချင်းတွေရဲ့ မျက်လုံး တွေထဲမှာ ကျွန်တော့်အတွက် ရယ်မောဟားတိုက်သံတွေကို ရှာဖွေတွေ့ရှိ နေခဲ့တာကိုတော့ အဖေတို့ သိမယ် မထင်ပါဘူး။ ကျွန်တော်ကလည်း မသိစေ ချင်ဘူး။ တကယ်တော့လည်း အဖေ့မျက်လုံးတွေထဲမှာတောင် ကျွန်တော့် အတွက် ရယ်မောသံတွေ ရှိမနေခဲ့ဘူးလို့ အာမမခံရဲပါဘူး။ ဒီတော့ ဒီလို ရယ်မောသံတွေ တိတ်သွားအောင် ကျွန်တော် တစ်ခုခု လုပ်ပြဖို့ လိုအပ်လာပါ တယ်။

ဒီလိုနဲ့ပဲ နောက်ထပ် သုံးလလောက်ကြာတော့ စိတ်နာနာနဲ့ ပစ်ထားတဲ့ ဖိုင်ကို ဖုန်တသောသောထဲက ပြန်ထုတ်ဖွင့်ကြည့်ဖို့ ဆုံးဖြတ်ချက် ချလိုက် ပါတယ်။

mgyoe.com

mgybe.com

"ဘာလုပ်တာလဲ"

အသံကြားလို့ လှည့်ကြည့်တော့ အဖေ့မျက်လုံးတွေနဲ့ တည့်တည့်တိုးမိတာပဲ။ "ဘာလုပ်တာလဲ"ဆိုတဲ့ အဖေ့မေးခွန်းဟာ မသိလို့ မေးတဲ့ မေးခွန်းမဟုတ်ဘဲ သိလို့ မေးတဲ့ မေးခွန်းမျိုးဆိုတာ ကျွန်တော် အလိုလို သိနေမိပါတယ်။

"သား ကိုယ့်လမ်း ကိုယ်ပြန်လျှောက်မယ် အဖေ"

"မင်းလမ်းက ဘာလမ်းလဲ"

အဖေ့မေးခွန်းက ကျွန်တော့်ရင်ဝကို အရှိန်နဲ့ ပြေးဝင်ဆောင့်လိုက်တာပဲ။ ကျွန်တော် အဖေ့ကို ပြန်ကြည့်နေမိတယ်။ ဆံပင်ဖြူဖြူတွေအောက်က လူအိုတစ်ယောက်ရဲ့ မျက်နှာပေါ်မှာ လှောင်ပြောင်အရိပ်တွေကို ကျွန်တော် မြင်နေရပါတယ်။ မထီတရီ ခပ်ဟာဟာ အဖေ့နှုတ်ခမ်းကြီးတွေထက်မှာ တိတ်ဆိတ်ကျယ်လောင်တဲ့ ရယ်သံတွေကို ကျွန်တော် နားပွင့်မတတ် ကြားနေရပါတယ်။

"လူတွေရဲ့ လှောင်သံ၊ ရယ်သံတွေကို လုံးဝ မကြားနိုင်တဲ့လမ်း"

ကျွန်တော် အဖြေကို တစ်ခွန်းချင်း၊ တစ်လုံးချင်း ပြန်ပြောလိုက်တယ်။ ရင်ထဲမှာတော့ တစ်ဆို့နေတုန်းပဲ။ ဖိုင်ထဲက လက်မှတ်တွေ၊ လက်မှတ်တွေပေါ်က ကျွန်တော့်ဓာတ်ပုံတွေ။ အဲဒီအရာတွေကလည်း ကျွန်တော့်ကို လှောင်ပြောင်နေကြသလိုပါပဲ။

"ငါ့သား… မင်း ဘယ်လို ခံစားနေရမယ်ဆိုတာ အဖေ မသိဘူး ထင်လား"

ကျွန်တော် အဖေ့ကို တအံ့တသြ ပြန်လှည့်ကြည့်မိတယ်။ အဖေ့အသံက ကျွန်တော် ကြားဖူးနေကျအသံမျိုး မဟုတ်သလို၊ ကျွန်တော် မျှော်လင့်ထားတဲ့ အသံမျိုးလည်း မဟုတ်ပါဘူး။ အဖေ့ရဲ့ လူအိုမျက်နှာဟာ အခုတော့ သစ်ရိပ်အောက်က ကန်ရေပြင်လို တည်ငြိမ်လို့။

"ငါ့သား အသက်အရွယ်အရ၊ ပြီးတော့ အဖေတို့ အခြေအနေအရ၊ မင်း နောက်ထပ် ခြေချော်လက်ချော် ဖြစ်လို့မရတော့ဘူး၊ ဘွာတေးဆိုပြီး ပြန်ထွက်လို့ရတဲ့ ကစားကွင်း မဟုတ်တော့ဘူး၊ ဒီတော့ မင်းကိုလည်း

mgyoe.com
SAMPLE BOOK


နောက်ထပ် မစွန့်စားစေချင်တော့သလို အဖေတို့လည်း နောက်တစ်ကြိမ် ထပ်မစွန့်စားရဲတော့တာပါ''

ကန့်ရေပြင်လို တည်ငြိမ်တဲ့ မျက်နှာနဲ့ အဖေ့စကားတွေက ယုတ္တိဗေဒပေတံနဲ့ တိုင်းမယ်ဆိုလည်း သဘာဝကျနေပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာလည်း ကျွန်တော် ဘာလိုချင်နေတယ် ဆိုတာကို သေချာသိနေပြီးတဲ့နောက်။

''ကိုယ့်ယုံကြည်မှုကို ကိုယ်ပြန်ရဖို့ဆိုရင်တော့ နောက်ထပ် ဘယ်နှကြိမ်ဖြစ်ဖြစ် သား စွန့်စားရမှာပဲ အဖေ''

ကျွန်တော် အဖေ့ကို လှည့်မကြည့်ဖြစ်အောင် ကြိုးစားရင်း ဖိုင်ထဲက လက်မှတ်တွေကို မလိုအပ်ဘဲ မွှေနှောက်နေလိုက်တယ်။ အဖေ့ဆီကလည်း ဘာသံမှ ထပ်ထွက်မလာတော့ပါဘူး။ ကျွန်တော်လည်း ဘာစကားမှ ထပ်မပြောဖြစ်တော့ပါဘူး။

✧

mgyoe.com

mgyoe.com SAMPLE BOOK

## ( ၅ )

သူငယ်ချင်းရဲ့ တယ်လီဖုန်းလမ်းညွှန်အတိုင်း ဗိုလ်အောင်ကျော်လမ်းထဲက လက်ဖက်ရည်ဆိုင်လေးဆီ ကျွန်တော် ရောက်လာတယ်။ သူငယ်ချင်းက စာမေးပွဲဖြေဖို့ လုံးပန်းနေချိန်၊ သူ လိုက်မပေးနိုင်လို့ သူနဲ့သိတဲ့ ပွဲစား တစ်ယောက်ဆီ လမ်းညွှန်လိုက်တာပါ။

"ကိုရန်အောင် ဆိုတာ"

"အေး… ဟုတ်တယ် ညီလေး"

"ကျွန်တော် ရဲထွန်း သူငယ်ချင်းပါ"

"ဪ… အေး ဟုတ်ပြီ၊ မနေ့က သူနဲ့တွေ့လို့ ပြောတယ်၊ ထိုင်ကွာ"

ကိုရန်အောင်ကို ဘာလို့ ရုပ်ရှင်မင်းသား နာမည်ပေးထားလဲ မသိပါဘူး။ သူ့အမေက သူကြိုက်တဲ့ မင်းသားနာမည် ပေးခဲ့ပုံ ရပါတယ်။ ဒါပေမဲ့ မင်းသားရန်အောင်နဲ့တော့ ရုပ်ရည်မတူပါဘူး။ သူ့မျက်နှာက မြင်း တစ်ကောင်ရဲ့မျက်နှာလို ရှည်မျောမျောပါ။ အသံကတော့ ခြောက်ကပ်ကပ် ပါပဲ။ သူ့မျက်နှာကို မြင်နေရတာဟာ နွေနေ့လယ်ခင်းတစ်ခုလို ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှပါတယ်။ သူက သူ့ဘောင်းလွယ်အိတ်ထဲက စာရွက်ရှည်မျောမျောလေး တစ်ရွက်ကို ဆွဲထုတ်လိုက်တယ်။ အဲဒီစာရွက်ထဲမှာတော့ လူနာမည်၊ စီဒီစီ နံပါတ်၊ ရာထူးနဲ့တကွ ဆက်သွယ်ဖို့ ဖုန်းနံပါတ်တွေကို လက်ရေးသေးသေးနဲ့ အစဉ်လိုက် ချရေးထားပါတယ်။

"ညီလေး စာအုပ်ပြပါဦး"

mgyoe.com